# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် ၂၀၂၅ ခုနှစ်၊ မေ ၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၂၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်)

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏အခွင့်အရေးကို သိရှိကာ မိမိတို့၏အခွင့်အရေးအတွက် ကိုယ်တိုင်တောင်းဆိုရာမှ ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားများအတွက် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့ (မေဒေးနေ့) ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်မေလ(၁)ရက်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ်၊ မေလ(၁)ရက်မှစတင် ကျင်းပခဲ့ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ်အရေးပါသည့် အဓိက စွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် (၈၇)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်



နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ (၂၀၂၅) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* *

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၄ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ ပါတီ စုစုပေါင်း ၇၄ ပါတီရှိပြီဖြစ်သည်။

ယခု လျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဧပြီ ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ၃၀ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၇၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သုံးခွမြို့နယ်၌ အသင်းသားများသို့ စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်

သုံးခွ ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးသည့်အသင်းသားများသို့စိုက်ပျိုးရေးနည်းပညာသင်တန်းကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ယမန်နေ့မွန်းလွဲပိုင်းက ဖွင့်လှစ်ခဲ့သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မြင့်အောင်က စိုက်ပျိုးရေးနည်းပညာရပ်များကို သင်တန်းပို့ချရာတွင် မိုးစပါးစိုက်ပျိုးရာတွင် စပါးမျိုးစေ့ချကိရိယာ Seeder ဖြင့်စိုက်ပျိုးနည်း၊ တောင်သူကိုယ်တိုင် တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်နိုင်ရေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ရေး၊ ဓာတ်မြေဩဇာများအား လေလွင့်မှုမရှိစေရေး စနစ်တကျသုံးစွဲရန်တို့ကို ပို့ချပေးပြီး သင်တန်းကို ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁ - ၅ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၉၂၀ | ၂၀၀၅ | ၂၀၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၀၇၅ | ၄၅၀၅ | ၃၁၇၀ | ၂၀၉၅ | ၂၀၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၁၂၀ |
| 95 Ron | ၂၀၆၅ | ၂၉၇၅ | ၂၉၅၅ | ၂၀၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၀၅ | ၂၉၃၅ | ၄၅၆၀ | ၃၂၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၀၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၂၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံ့စီးပွား တိုးတက်မြင့်မားရေး အလုပ်သမားတို့၏ လုပ်အားဖြင့်အလှူဆင်

ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုသည့် စက်ယန္တရားများ ပေါ်ပေါက်လာပြီး ကုန်ပစ္စည်းအများအပြားကို မြန်မြန်ဆန်ဆန်ထုတ်လုပ်လာနိုင်သည့် ပထမစက်မှုတော်လှန်ရေးကြီးသည် အင်္ဂလန်၊ အမေရိကန်နှင့် ဥရောပနိုင်ငံအချို့တွင် ၁၇၆၀ မှ ၁၈၄၀ ကာလအတွင်း ဖြစ်ပေါ်ခဲ့ခြင်းနှင့်အတူ စက်မှုအရင်းရှင်လူတန်းစားနှင့် အလုပ်သမားလူတန်းစားဟူသော လူတန်းစားနှစ်ရပ်လည်း ပေါ်ပေါက်လာသည်။ ထိုအရင်းရှင်ခေတ်ဦးတွင် အရင်းရှင်တို့က ၎င်းတို့၏ အကျိုးအမြတ်ကို များသည်ထက်များအောင် ရှာဖွေရာတွင် အလုပ်သမားများကို အလုပ်ချိန်များနိုင်သမျှများအောင် အလုပ်လုပ်စေပြီး လုပ်ခနည်းနိုင်သမျှ နည်းအောင်ပေးခြင်းဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခဲ့ကြသည်။

ထိုခေတ်အလုပ်သမားတို့၏ဘဝအခြေအနေမှာ လွန်စွာဆိုးရွားလှပြီး တစ်ရက်လျှင် ၁၆ နာရီမှ နာရီ ၂၀ အထိ အလုပ်လုပ်ကြရသည့်တိုင် လုပ်ခလစာမှာ စားရေးအတွက်ပင် မလုံလောက်သည့်အပြင် အခြားဖိနှိပ်မှုအမျိုးမျိုးတို့ကိုလည်း ခံကြရသည်။ သို့ဖြစ်ရာ ၁၈၂၀ ခန့်မှစကာ အလုပ်သမားတို့၏ အခွင့်အရေးတောင်းဆိုမှု တိုက်ပွဲများ၊ အလုပ်ရှင် အလုပ်သမား ပဋိပက္ခများမှာ ဆယ်စုနှစ်တစ်ခုပြီးတစ်ခု ဆက်၍ဖြစ်ပေါ်နေခဲ့သည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၊ နယူးယောက်မြို့၊ ချီကာဂိုမြို့၊ ဒတ်ထရွိုက်မြို့တို့ အပါအဝင် မြို့များတွင် ၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အလုပ်ချိန်တစ်ရက်လျှင် ၈ နာရီ သတ်မှတ်ပေးရေး ဆန္ဒပြတောင်းဆိုမှုများ က နောင်တွင် တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် အလုပ်သမားနေ့ ဖြစ်ပေါ်လာမှု၏ အစပင်ဖြစ်သည်။ ၁၈၉၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှစ၍ ကမ္ဘာ့နိုင်ငံများစွာတို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့သည် ကမ္ဘာ့အလုပ်သမားများကို လုပ်အားတန်ဖိုးမြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာ ခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် လုပ်သားအင်အားစစ်တမ်းများအရ အာဆီယံနိုင်ငံများတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ အများဆုံးနိုင်ငံ၌ ပါဝင်လျက်ရှိသည်ဟုဆိုရာ အလုပ်လုပ်နိုင်သူ လူဦးရေပေါ်များခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးတို့အတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ကုန်ထုတ်လုပ်မှုကဏ္ဍကိုတိုးတက်စေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားများမှာ အရေးပါသောကဏ္ဍ၌ ရှိနေသည်။ နိုင်ငံတော်အစိုးရသည် ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းစေခြင်း၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ လုပ်အားအခြေပြုကုန်ထုတ်လုပ်ငန်းများ တိုးတက်များပြားလာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ခြင်း၊ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ပေးခြင်း စသည့်အလုပ်သမားများ၏ အကျိုးစီးပွားကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေ ပိုမိုကောင်းမွန်ရေး၊ နိုင်ငံ၏အရင်းအမြစ်များကို ထိရောက်စွာ အသုံးချပြီး တိုးတက်သည့်ရလဒ်ကောင်းများရရှိရေး၊ ပြည်သူလူထု၏ အဓိက အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့တွင် ပြည်တွင်းရှိ အလုပ်သမားများ၏ အခန်းကဏ္ဍမှာ မြင့်မားစွာ ပါဝင်လျက်ရှိရာ တက်ကြွသည့်အားမာန်များဖြင့် နိုင်ငံကို အလှူဆင်နိုင်ကြပါစေကြောင်း။ ။

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

**❖ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထား၊ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိ**

❑ *ရှေ့ဖုံးမှ*

ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကိုရင်းကာ ခွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးအပ်လျက်ရှိကြသည့် အလုပ်သမားကြီးများအပါအဝင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သောအချိန်ခါသမယတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် အလုပ်သမားကြီးများအား လေးစားစွာ ဂုဏ်ပြုပါကြောင်း ဦးစွာပထမ ဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေး၊ အလုပ်လက်မဲ့နှုန်း ကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့် အလုပ်သမားကြီးများကို လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားပါသည်။ အလုပ်သမားအဖွဲ့အစည်း (၃၁၁၆)ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း(၂၈)ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network– ASEAN–OSHNET) တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO မှ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းချက်များကို နိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အခမ္ဘခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကိုလည်း ILO နှင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါသည်။

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက် (၁၈၂) အရ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးခြင်း၊ ပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (၂၉၈၂) ဖွဲ့၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (၃၂၅)ဖွဲ့၊ ခုံသမာဓိအဖွဲ့ (၁၅)ဖွဲ့၊ ခုံသမာဓိကောင်စီ (၁)ဖွဲ့တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းသွားရောက်၍လည်း အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်း အကျိုးကျေးဇူးကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးအတွက် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ အကျုံးဝင်မြို့နယ်ပေါင်း (၁၂၆) မြို့နယ်မှ အာမခံအလုပ်သမားအား ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း၌လည်း အာမခံအလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်ဖြစ်သော ကျပ်ငွေသန်းပေါင်း **၇၁,၈၅၅ ဒသမ ၅၄၉ (၇၁ ဒသမ ၈၅၆ ဘီလီယံ)** ထောက်ပံ့ပေးခဲ့ပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့်ခဲ့ရသည့် အာမခံအလုပ်သမား (၃၃၉၄)ဦးကိုလည်း ကျပ်ငွေသန်းပေါင်း **၂၆၆ ဒသမ ၂၉၇** ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိသည့် မန္တလေးငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ကျပ်ငွေသန်းပေါင်း ၂၁,၇၀၃ ဒသမ ၁၀၄ (၂၁ ဒသမ ၇၀၃ ဘီလီယံ) ကိုထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကိုဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထားပါသည်။ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အလုပ်သမားများ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ လွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန်ပေးထားပြီး အလုပ်သမားသံအရာရှိ မရှိသည့်နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိပါသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm




မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ (၂၀၂၅) တွင် မိန့်ခွန်းပြောကြားစဉ်။

** ရှေ့ဖုံးမှ*

အဆိုပါညီလာခံအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အထူးညီလာခံ(၂၀၂၅) သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**လိုအပ်သည့်ညွှန်ကြားချက်များထုတ်ပြန်**

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထူးညီလာခံ(၂၀၂၅)ကို ကျင်းပရသည့်ရည်ရွယ်ချက်မှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဆိုသည်မှာ တပ်မတော်၏ကာကွယ်ရေး အရန်အင်အားစုကြီးဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း "Once a Soldier, always a Soldier" "တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်းစစ်သားပင်" ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**" မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ကာကွယ်ရေး အရန်အင်အားစုကြီးဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း** "Once a Soldier, always a Soldier" **"တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်းစစ်သားပင်" ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလို "**

**တက်တက်ကြွကြွပါဝင်ဆောင်ရွက်**

နိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးတွေသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်းအပြန်အလှန်အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါအဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများ ဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ(၁၉၈၉) နှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၃၆/၂၀၁၆) ဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ဦး၊ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၀၈ ဖွဲ့တို့ဖြင့်ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် ရည်ရွယ်ချက် (၄)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၇) ရပ်တို့ကို ချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

**ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်**

တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့် ပြည်သူအကြား ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် အပြောအဆိုအပြုအမူများကို သတိပြုကြရန်နှင့် မိမိ၏အပြုအမူအပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည်ကို နှလုံးသွင်းထားကြရန် လိုအပ်ကြောင်း။

တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများ သိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်းလုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် "ပြည်သူ့စစ်မဟာဗျူဟာ" ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့်ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ပိုးပေးသွားကြရမည် ဖြစ်ကြောင်း။

အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလ မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုများ၊ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့်ရာဂီမုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးဘေးအန္တရာယ်များသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့် စည်းစည်းလုံးလုံး ကျော်ဖြတ်ကြမည်ဆိုပါက အခက်အခဲအကျပ်အတည်းများကြားမှ အမြန်ဆုံးရုန်းထွက်နိုင်မည်ဖြစ်ကြောင်း။

**အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ချမှတ်**

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးခြင်းကြောင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ်ချမှတ်အကောင်အထည်ဖော်လျက် ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုစိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်မည်ဆိုပါက လူမှုစီးပွားဘဝများသည် မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့်လည်း ထမ်းဆောင်နေရသည့် ကိုယ်စီတာဝန်များအပြင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စဉ်ဆက်မပြတ် မျက်စိကိုဖွင့်နားကိုစွင့်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သားဟောင်းများဖြစ်သည့်အတွက် တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့်

*စာမျက်နှာ ၅ သို့*

**❖ တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန်လို၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့် ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသား တံတိုင်းအဖြစ်အသုံးပြုနိုင်ရေးယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့်အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက် နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး (၅)ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့်တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးပမ်းသွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်




## ပဲခူးတိုင်းဒေသကြီး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဧပြီ ၃၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(ယာပုံ)**



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း/တံတားများ၊ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားစေတီပုထိုးများစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အဆောက်အအုံများကို ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အအုံဟူ၍ သုံးမျိုးခွဲခြား စာရင်းကောက်ယူသွားရမည် ဖြစ်ကာ ငလျင်ဘေးဒဏ် သင့်ခဲ့သည့် အဆောက်အအုံများအား မြေပြင်ကွင်းဆင်း စစ်ဆေးစာရင်းကောက်ယူရာတွင် အပြာရောင်အဆင့် သတ်မှတ်သော လူနေထိုင်၍ရပြီး အနည်းငယ်သာ ပျက်စီးမှုများကို အမြန်ပြင်ဆင်သွားရမည်ဖြစ်ကြောင်း၊ အပြာရောင်အဆင့် သတ်မှတ်ထားသည့် ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အခြားခေါင်းစဉ်အောက်တွင်ရှိသည့် ပြင်ဆင်နေမှုနှင့် ဆောင်ရွက် ပြီးစီးမှုများကို မှတ်တမ်းဓာတ်ပုံနှင့်တကွ အပတ်စဉ်တင်ပြပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အသစ်တည်ဆောက်ရမည့် အဆောက်အအုံများအား ခေတ်မီနည်းပညာများနှင့် အညီ ငလျင်ပြင်းအား (၈) မဂ္ဂနီကျူခံနိုင်ရည်ရှိသည့် အဆောက်အအုံဒီဇိုင်းဖြင့် ပြန်လည်တည်ဆောက်သွားရမည်ဖြစ်ပြီး ရှေးဟောင်း ဘုရားစေတီပုထိုးများ ပြင်ဆင်ရာတွင် အဆောက်အအုံ ပညာရှင်၊ ရှေးဟောင်းသုတေသနမှ ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဌာနဆိုင်ရာရုံး၊ ဝန်ထမ်းအိမ်ရာ၊ အထူးအဆောက်အအုံနှင့် အခြားခေါင်းစဉ်အောက်ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပြာရောင်အဆင့် သတ်မှတ်သည့် အဆောက်အအုံများအား သက်ဆိုင်ရာ ဦးစီးဌာနများ၏ အဆောက်အအုံပြင်ဆင်ထိန်းခြင်းရန်ပုံငွေမှ ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည့်အစီအမံများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်အားသိရှိလိုက်နာဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၃၀ ရက်အထိ သေဆုံးသူ ၃၇၉၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦး အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၂၉ ရက် ည ၇ နာရီမှ ဧပြီ ၃၀ ရက် ညနေ ၅ နာရီအတွင်း International Organization For Migration (IOM) အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့က တစ်ဆင့် ထောက်ပံ့ပေးသွားမည့် စုစုပေါင်းတန်ချိန် ၆၆ ဒသမ ၄၄၂ တန်ရှိ ကူညီကယ်ဆယ်ရေး ပစ္စည်းများ၊ ခြင်ထောင်၊ စောင်၊ ဆိုလာမီးအိမ်၊ တာပေါ်လင်၊ အိပ်ရာခင်း၊ Jerrycan၊ ကြိုးခွေများနှင့် မလေးရှားနိုင်ငံ၊ ဆီလန်ဂေါ်ပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANI-MADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က လှူဒါန်းသော စုစုပေါင်းတန်ချိန် ၀ ဒသမ ၄၈၅ တန်ရှိ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်များပါဝင်သော ကတ္တူပုံးများအား သယ်ဆောင်လာသော လေယာဉ်များဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နေပြည်တော်-လောရထားလမ်းပိုင်းအတွင်း လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေသည့်လုပ်ငန်းခွင်၊ ပျဉ်းမနားဘူတာ ပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်၊ ဝန်ထမ်းများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းများ ကြည့်ရှုစစ်ဆေး




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နေပြည်တော် – လောရထားလမ်းပိုင်းအတွင်း လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်–လောရထားလမ်းပိုင်းအတွင်း စက်ယန္တရားကြီးများဖြင့် လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေသည့်လုပ်ငန်းခွင်နေရာ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပျဉ်းမနားဘူတာပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တိကျစွာလိုက်နာဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် – လော ရထားလမ်းပိုင်းအတွင်း ပြည်ဝင် ဘူတာယာဒ်ဝင်း၊ အစုန်ရထားလမ်း၌ ရထားများ အမြန်နှုန်း မြှင့်တင်နိုင်ရေးအတွက် Automatic Lining, Levelling and Tamping Machine–ALLTM စက်ယန္တရားအသုံးပြု၍ သံလမ်းကြံ့ခိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာသို့ ရောက်ရှိစစ်ဆေးပြီး စက်ယန္တရားအား သတ်မှတ်စံနှုန်းအတိုင်း ထိရောက်အောင် ကိုင်တွယ်အသုံးပြုရေးနှင့် စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ ဝန်ထမ်းများကျွမ်းကျင်မှုပိုမိုပြည့်ဝလာစေရေး၊ လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုစနစ်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်စေရေးတို့ကို မှာကြားသည်။

**အမြန်ဆုံးပြန်လည်ပြင်ဆင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေသည့်ဘူတာအဆောက်အအုံ၊ လက်မှတ်ရောင်းချသည့်နေရာအား ပြန်လည်မွမ်းမံတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ပိုမိုတောင့်တင်းခိုင်မာသည့်တိုင်၊ တန်းများနှင့် အမိုးများအဖြစ် ပြင်ဆင်တည်ဆောက်ရေး၊ ခရီးသည်များ အဆင်ပြေ ချောမွေ့စေရေးအတွက် အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အထူးသတိပြုရေးတို့ကို မှာကြားသည်။ ယင်းနောက် ဘူတာဧရိယာအတွင်း ချွတ်ယွင်းပျက်စီးနေသည့် ရထားသွားလာမှု ထိန်းချုပ်ရေးစနစ်အား အမြန်ဆုံး ပြန်လည်ပြင်ဆင် အသုံးပြုနိုင်ရေးတို့ကိုလည်း မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ပို့ဆောင်ရေး)မှ ဝန်ထမ်း၊ မိသားစုများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းသို့ ရောက်ရှိပြီး နေထိုင်မှု၊ ချက်ပြုတ်စားသောက်မှု၊ ကျန်းမာရေးစီစဉ်ပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဌာနပိုင်မြေနေရာသို့ရောက်ရှိပြီး ဝန်ထမ်း၊ မိသားစုများ နေထိုင်မည့် ဘာရှာအဆောက်အအုံ ဆောက်လုပ်ရန် အကွက်ချထားမှုကို စစ်ဆေး၍ တည်ဆောက်မှု အမြန်ဆုံး စတင်နိုင်ရေး၊ ရေမီးအဆင်ပြေစွာရရှိရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

**ဖြည့်ဆည်းစီမံပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒက္ခိဏသီရိဆက်သွယ်ရေးစခန်းရုံးသို့ ရောက်ရှိပြီး ရုံးဧရိယာအတွင်း ဝန်ထမ်း၊ မိသားစုများအား ခေတ္တနေရာချထားပေးမှု၊ စားသောက်ရေးစီစဉ်ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်း၊ မိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားနှင့် ထိခိုက်ပျက်စီးသော စေတီ၊ ဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး ဧပြီ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန နှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ နန်းမြို့ဆုတောင်းပြည့် စေတီ၊ ပဟိုရ်စင်၊ စွယ်တော်စင်၊ ဥပုသ်တော်ဆောင်၊ မန္တလေးနန်းမြို့ရိုး၊ မဟာမုနိဘုရားနှင့် ထိခိုက်ပျက်စီးသော စေတီ၊ ဘုရားများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော်၊ စွယ်တော်စင်နှင့် ဥပုသ်တော်ဆောင်တို့ ပြန်လည်ပြုပြင် ထိန်းသိမ်းနေမှုကို လည်းကောင်း၊ ပဟိုရ်စင်ပျက်စီးမှုနှင့် ယာယီ အမိုးပြုလုပ်ထားမှုကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မြနန်းစံကျော် ရွှေနန်းတော်ကြီးကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ရိုး ၄၈၃၉ ပေ၊ သူရဲခို ၁၂၅ လုံး၊ မြို့ရိုးဝင်ပေါက်ပြအိုးနှင့် ပြာသာဒ်ဆောင် ကိုးခု၊ မီးတား ၁၂ ခုတို့မှ အုတ်ကျိုးအပိုင်းအစများ၊ နံရံအောက်ခြေရှိ အုတ်ခဲကျိုးအပိုင်းအစများကို အပြီးသတ်ရှင်းလင်းခြင်း၊ သစ်သားပြာသာဒ်များ၏ ထီးတော် တိမ်းစောင်းမှုများ တည့်မတ်ခြင်း လုပ်ငန်းများကို တပ်မတော်မှ အရာရှိ၊ အရာခံ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရား အာရုံခံတန်ဆောင်း၊ မုခ်ဦးများ ရှင်းလင်းထိန်းသိမ်းမှုများကိုလည်းကောင်း၊ အာနန္ဒာဘုရား၊ ဘုရားနီဘုရား၊ အရိပ်မထွက်ဘုရားနှင့် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် (မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ ပျက်စီးမှုအခြေအနေများကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကေသရအားသွားရောက် ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES-2025) တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဧပြီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်မည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES–2025) ကို တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား၊ ဝက်သားများအား နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ယနေ့လှည့်လည်ရောင်းချပေးသည်။

ထိုသို့လှည့်လည်ရောင်းချရာတွင် နေပြည်တော်အတွင်း ဈေးကားတစ်စီးဖြင့် နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနများရှိ ဝန်ထမ်းများအား ဆီပိဿာ ၁၅၀၊ အမဲသား ၂၅ ပိဿာနှင့် ဝက်သားပိဿာ ၂၀ များကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ရွှေဥဒေါင်းကျေးရွာရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် စားသောက်ကုန်လုပ်ငန်းသင်တန်းဆင်းသူများအနက်မှ လုပ်ငန်းသုံးပစ္စည်းထောက်ပံ့ပေးထားသူများ၏ လေယာဉ်ပျံစားသောက်ကုန်လုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အပ်ချုပ်စက်သင်တန်းဆင်းသူများအနက်မှ AT (အေတီ) အပ်ချုပ်ဆိုင်လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများပိုမိုအောင်မြင်စေရေး တစ်ဦးတစ်ယောက်ချင်းမဟုတ်ဘဲ စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ရှားတောကျေးရွာအုပ်စု ငွေးပင်စံပြကျေးရွာသို့သွားရောက်ပြီး ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ငွေးပင်၊ ရှားတော၊ သဲဖြူကျေးရွာတို့မှ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း အမှုဆောင်များ၊ နှမ်းစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နှမ်းစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းမရရှိပါက အားနည်းချက်၊ အားသာချက်များကိုဖော်ထုတ်ပြီး နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နှမ်းစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များဖြန့်ဝေပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော ရှားတော–ညောင်ပင်သာကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၁၈၀ ရှိ Submersible Bridge တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီ ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှသင်ကြားမည့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများကို သတ်မှတ်ထားသော ကျောင်းများ၌ မေ ၂ ရက်တွင် စတင်သင်ကြားပေးရန် စာရင်းပေးထားသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမ ပေါင်း ၁၀၇၆ ဦးရှိကြောင်း၊ လေဆိပ်၊ ကားဂိတ်တို့တွင် တာဝန်ရှိသူများက ကြိုဆိုနေကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံစားရသည့် ဒေသများမှ ကျောင်းသား ကျောင်းသူများကို စာမေးပွဲကောင်းမွန်စွာ ဖြေဆိုနိုင်ရန်အတွက် လာရောက်ကူညီပေးခြင်းဖြစ်သည့်အတွက် ဆရာ ဆရာမများ နေထိုင်၊ စားသောက်၊ သွားလာရေး အဆင်ပြေစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် ပညာရေးမှူးရုံးအသီးသီးရှိ ဝန်ထမ်းများက ဝိုင်းဝန်းစောင့်ရှောက် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို သွားရောက်သင်ကြားပေးခြင်းသည် ပညာဒါနမြောက်သည်ဖြစ်၍ ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများ၊ မေးခွန်းပုံစံများကို သေချာစွာ နားလည်သဘောပေါက်နိုင်စေရန် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် စာသင်ကြားပေးသည့်အစီအစဉ်တွင် ပါဝင်ကြမည့် ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဘာသာရပ် ပါမောက္ခများအနေဖြင့် ဆရာ ဆရာမများကို သင်ပြနည်းများ လေ့ကျင့်ပေးရေးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်ရန် နှစ်ခန်းတွဲ ဘာရာအဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေအိမ်များ ခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ် ခံနိုင်မှုရှိစေရေး၊ အရည်အသွေးများ ပြည့်မီစေရေး၊ အမြန်ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေး၌ မျိုးသစ်မျိုးဖျား ၅၇ မျိုးအပေါ် သုံးသပ်ဆွေးနွေး

**နေပြည်တော် ဧပြီ ၃၀**

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် ပညာရှင်ဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့က အဆင့်ဆင့်စိစစ်တင်ပြလာသော အသိအမှတ်ပြုလက်မှတ် သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား ရှစ်မျိုးနှင့် မျိုးအသစ်အဖြစ် လျှောက်ထားလာသည့် လယ်ယာသီးနှံ ၁၂ မျိုး၊ စက်မှုသီးနှံ တစ်မျိုး၊ ဥယျာဉ်ခြံသီးနှံ ၃၁ မျိုးနှင့် မိဘမျိုးလိုင်း ငါးစုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၅၇ မျိုးတို့အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မျိုးသစ်များအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလာခဲ့ရာတွင် (၂၉) ကြိမ်မြောက် အစည်းအဝေးအထိ လယ်ယာသီးနှံ ၇၁၁ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၉၀၇ မျိုး၊ စက်မှုသီးနှံ ၁၃၁ မျိုးနှင့် မိဘမျိုးလိုင်း ၂၃၄ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၁၉၈၃ မျိုးကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နှင့် ပင်းတယမြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်စေရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ခင်းဧက ၁၀၀၀ တည်ထောင်ရန် စိုက်ခင်းလုပ်ငန်းစဉ်များ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နှင့် ပင်းတယမြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်စေရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ခင်းဧက ၁၀၀၀ တည်ထောင်ရန် စိုက်ခင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရပ်စောက်မြို့နယ် မြို့မသစ်တောပျိုးဥယျာဉ်၌ စိုက်ခင်းတည်ထောင်ခြင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၁၅၆၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ဗထူးရိယာယီပျိုးဥယျာဉ်၌ ရပ်စောက်မြို့ ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၈၉၀ တည်ထောင်ရန် သစ်မျိုး ၁၃ မျိုးဖြင့် နှစ်ပေအထက် ပျိုးပင်ပေါင်း ၁၁၈၀၀၀ ကျော် ရောက်ရှိထားမှုနှင့် ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စိုက်ခင်းတည်ထောင်ရန် မြေကျင်းတူး၊ မြေဩဇာထည့် ကျင်းဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီး မိုးရာသီတွင် သစ်ပင်စတင်စိုက်ပျိုးနိုင်ရန် အသင့်အနေအထားဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စိုက်ကွက်များအတွင်း သစ်မျိုးအလိုက် စိုက်ပျိုးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရပ်စောက်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ မွေတော်သစ်ဆိပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက သစ်ဆိပ်သို့ သစ်လုံးများရောက်ရှိပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ သစ်စက်များသို့ သစ်လုံးများတင်ပို့ပြီးစီးမှုနှင့် ဆက်လက်တင်ပို့မည့် အခြေအနေများ၊ သစ်စက်များမှ သစ်ခွဲသားများအား ငလျင်ဒဏ်သင့် အင်းလေးဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပေးပို့ထားမှုနှင့် ဆက်လက်ပေးပို့မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ သစ်စက်များ၌ သစ်ခွဲသားများ ခွဲစိတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေးအတွက် ကုံလုံကျောင်းအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်း ၈၅ ဒသမ ၅ ဧက ကိုလည်းကောင်း၊ ကျောက်စုကျေးရွာအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်း ၅၈ဧကကိုလည်းကောင်း၊ သစ်အယ်ပင်ကျေးရွာအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေး ၆ ဒသမ ၅ ဧကကိုလည်းကောင်း၊ ပင်းတယမြို့နယ် ဝါးတရာကျေးရွာအနီး ကျောက်တောင်မြေ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၁၀ ဧက တည်ထောင်ရန် ကျင်းတူး၊ မြေဖို့ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အောင်နိုင်ရေး၊ လေ့ကျင့်ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရေးအတွက် အောင်နိုင်ရေး၊ လေ့ကျင့်ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် အောင်နိုင်ရေးကိုရှေ့ရှုပြီး လေ့ကျင့်ရေးပိုင်း၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် နေပြည်တော်နှင့် ရန်ကုန်တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များ၏ နေထိုင်စားသောက်မှုများ၊ လေ့ကျင့်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး အသေးစိတ်တင်ပြဆွေးနွေးပေးသွားကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံညွှန်ကြားရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က တင်ပြဆွေးနွေးခဲ့မှုများအပေါ် ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အားကစားအောင်နိုင်ရေးအတွက် အားကစားလေ့ကျင့်မှုများနှင့် အောင်မြင်မှုများ အရှိန်အဟုန်မပျက် ဆက်လက်လေ့ကျင့်ဆောင်ရွက်နိုင်စေရန် အားကစားကွင်း၊ အားကစားရုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်လေ့ကျင့်ပေးနိုင်ရန် တာဝန်ရှိသူများက ကြပ်မတ်စီစဉ်ဆောင်ရွက်သွားရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဧည့်ရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ ဧပြီ ၃၀**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၃) က တာဝန်ယူတည်ဆောက်လျက်ရှိသော ကရင်ပြည်နယ်ဧည့်ရိပ်သာတည်ဆောက်ရေး လုပ်ငန်းခွင်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

အဆိုပါဧည့်ရိပ်သာသည် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး စိန်ပန်းပြာလမ်းနှင့် စိန်ပန်းနီလမ်းထောင့်တွင်တည်ရှိပြီး Meeting room နှင့် Dining room အပါ အိပ်ခန်းပေါင်း ၂၉ ခန်းပါဝင်သော (၁၅၀ x ၄၈) ပေ အာရ်စီ ခြောက်ထပ် အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများပါဝင်ကာ ပင်မဆောင်တည်ဆောက်ရေးလုပ်ငန်းအနေဖြင့် ရာနှုန်းပြည့်ပြီးစီးနေပြီး ဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဧည့်ရိပ်သာပရဝဏ်စိမ်းလန်းစိုပြည်ရေး၊ ပန်းအလှပင်များ စိုက်ပျိုးနိုင်ရေး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဧည့်ရိပ်သာပင်မဆောင်အတွင်း ပရိဘောဂ၊ အသုံးအဆောင်ပစ္စည်းများ ထည့်သွင်းနိုင်ရေး၊ ဧည့်ရိပ်သာဝန်ထမ်းများနေထိုင်ရန် နှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာနှင့် အခြားဆက်စပ်လုပ်ငန်းများ တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ်ဧည့်ရိပ်သာ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အဆောက်အအုံများ စနစ်တကျရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်သော Youth Centre (လူငယ်စင်တာ)(၁၄၀ x ၈၀) ပေ အာရ်စီ သုံးထပ် အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံတက္ကသိုလ်ပင်မဆောင်၌ တောင်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်က ကြီးမှူးဖွင့်လှစ်သည့် ဘားအံရေကြောင်း လူငယ်စခန်း၏ ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်လှစ်သင်ကြားပို့ချမှုကို သွားရောက်ကြည့်ရှုအားပေးရာ သင်တန်းနည်းပြများ၏ အခြေခံစစ်ရေးပြလေ့ကျင့်ခန်း သင်ကြားပို့ချပေးနေမှု၊ စာသင်ခန်းများအတွင်း သင်တန်းနည်းပြများ၏ ရေကြောင်းဘာသာရပ်များကို သင်ကြားပို့ချပေးနေမှုနှင့် သင်တန်းနားချိန်တွင် သင်တန်းသား သင်တန်းသူများ၏ နေ့လယ်စာ သုံးဆောင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သင်တန်းတာဝန်ခံအရာရှိကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများသည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်၍ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

**နေပြည်တော် ဧပြီ ၃၀**

သံ၊ သံမဏိပစ္စည်းများ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချဖြန့်ဖြူးခြင်းတို့နှင့်ပတ်သက်၍ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ သံ၊ သံမဏိထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ သံ၊ သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာန အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းသုံး ဘိလပ်မြေများ၊ သံ၊ သံမဏိများ၊ အုတ်များ၊ အမိုး၊ အမိုးပြားများ၊ အထပ်သားများ ထုတ်လုပ်လျက်ရှိသည့် စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများသည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်၍ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပမှ တင်သွင်းလာသည့် သံ၊ သံမဏိများ၏ အရည်အသွေးများကို စစ်ဆေးနိုင်ရေး စီမံကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်၊ နည်းပညာကျွမ်းကျင်သူ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ထုတ်လုပ်သူများကို ဖိတ်ခေါ်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးပြည့်ဝရေးသည် အရေးတကြီးလိုအပ်လျက်ရှိကြောင်း၊ ယနေ့အချိန်တွင် ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သည့်အရည်အသွေး၊ ထုတ်ကုန်အရည်အသွေးကောင်းမွန်စေရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ဆင်ရမည့် အချက်များကို ဆွေးနွေးပေးစေလိုကြောင်း၊ ပြည်တွင်း သံ၊ သံမဏိ လိုအပ်ချက်များကိုလည်း ဈေးကွက်သုတေသနပြုလုပ်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပေးကြရန်နှင့် ကောင်းမွန်သည့် ရလဒ်များရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သူများသည် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ထုတ်လုပ်ရေး၊ သုံးစွဲသူများသည် အရည်အသွေးပြည့်မီသည့် ပစ္စည်းများ အသုံးပြုရေးတို့နှင့်ပတ်သက်၍ အသိပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပုဂ္ဂလိက စက်မှုမှတ်ပုံတင်ထားသည့် သံ၊ သံမဏိထုတ်လုပ်မှု လုပ်ငန်းများ၏ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ သံ၊ သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများ၊ သံ၊ သံမဏိ စံချိန်စံညွှန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေး၊ ပြည်တွင်း၌ အသုံးပြုလျက်ရှိသည့် သံ၊ သံမဏိများအား အရည်အသွေးစစ်ဆေးရေး၊ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးရမည့် ကိစ္စရပ်များ၊ သံ၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အသီးသီး ဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးအတည်ပြုပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့နယ်အတွင်း အသားတိုးဝက်နှင့် ကြက်မွေးမြူရေးခြံများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၃၀**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်မွေးမြူထုတ်လုပ်နိုင်ရေး အသားတိုးဝက်နှင့် ကြက်မွေးမြူရေးခြံများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ လယ်ကုန်း (ဇီးလွန်)ရပ်ကွက်အတွင်း ပိုင်ရှင် ဦးရွှေ၏ ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြပြီး အသားတိုးဝက် ဝက်ကြီး၊ ဝက်ပေါက် စုစုပေါင်းကောင်ရေ ၂၀၀ ခန့် မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက အခမဲ့ပေးအပ်သည့် မွေးမြူရေး အထောက်အကူပြု ဆေးဝါးများကို ပေးအပ်သည်။

ဆက်လက်၍ အဆိုပါ ခြံဝင်းအတွင်း ဒေသရိုးရာ ဆန်အရက်ချက်ခြင်းလုပ်ငန်းနှင့် ဆန်းသစ်ဆန်နှင့် ကောက်ညှင်းအရက် ထုပ်ပိုးထုတ်လုပ် ရောင်းချနိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မော်ဖောင်း ကျေးရွာအုပ်စု ငအိုးကျေးရွာ အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ မတည်ပေးမှုဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင်ဦးဆင်ဝါးနော်၏ ခြံသို့ သွားရောက်ကြပြီး ခြံဝင်းအတွင်းရှိ ကြက်ခြံများအတွင်း ကြက်သားပေါက်ကောင်ရေ ၃၀၀၀ ကျော်၊ ကြက်ပေါက်ကောင်ရေ ၃၀၀၀ ကျော်နှင့် ကြက်ကြီးကောင်ရေ ၃၀၀၀ ကျော်ဖြင့် စုစုပေါင်း ကြက်ကောင်ရေ ၁၀၀၀၀ ကျော် မွေးမြူထားရှိမှု အခြေအနေများနှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဈေးကွက်ရရှိမှု၊ ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေးလမ်းဟောင်း၌ ဆေးလိုင်းရေးဆွဲနေမှုနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (မန္တလေး - နေပြည်တော်လမ်းပိုင်း)ရှိ ထိခိုက်ပျက်စီးသွားသည့် လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန် – မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၃၉၁/၀ မှ ၃၉၁/၁ အထိ(မြစ်ငယ်မြို့နှင့်မန္တလေးကြား)၌ BOT စနစ်ဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် သော်တာဝင်းကုမ္ပဏီမှ Thermoplastic ဆေးလိုင်းရေးဆွဲခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။





ယနေ့နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (မန္တလေး–နေပြည်တော်လမ်းပိုင်း)ရှိ အင်အားပြင်းငလျင်ကြောင့် ပြိုကျပျက်စီးသွားခဲ့သည့် မိုင်တိုင်အမှတ် ၃၅၈/၁ နှင့် ၃၅၈/၂ ကြားရှိ ဒုဋ္ဌဝတီတံတားကို ကြည့်ရှုပြီး မူလတံတားဟောင်းအစွန်းမှ ၁၀၅ ပေခွာ၍ ရေဆန်ဘက်တွင် လျာထားသည့် ဒုဋ္ဌဝတီတံတားအသစ် လျာထားအူကြောင်းနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကားအင်းတိုးဂိတ်လမ်း အသုံးပြုခကောက်ခံနေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုးဂိတ် အဆောက်အအုံ အောက်ခြေအုတ်ခုံ ပြင်ဆင်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၄၉/၅ ၌ လမ်းအနိမ့်အမြင့်ညှိ ကတ္တရာခင်းခြင်း လုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်အားပြင်း ငလျင်ဘေးဒဏ်ကြောင့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ၃၄၆/၀ နှင့် ၃၄၆/၁ ကြားရှိ သမင်လွဲရိုးချောင်းတံတား၏ တံတားကမ်းကပ်ခုံနှင့် ယက်မများကြား ထိခိုက်ပျက်စီးနေမှုနှင့် တံတားပေါ်တွင် ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သုံးလွှာတစ်ထပ်အရှည်ပေ ၅၀ ယာယီ ဘေလီတံတား တပ်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်၊ အမြန်လမ်းမကြီးသည် နိုင်ငံတော်အတွက် အရေးပါသည့် လမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရေးနှင့် ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ ဂုဏ်ပြုဆောင်းပါး

# အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

**နှစ်စဉ် မေလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဖြစ်သည်။ အလုပ်ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုရန် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ နေ့စဉ် ၈ နာရီ အလုပ်လုပ်ရန်၊ ၈ နာရီ အပန်းဖြေရန်နှင့် ၈ နာရီအနားယူခွင့်ရရှိရန် တောင်းဆိုသည့် အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် ရုံးပိတ်ပေးထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏ အလုပ်သမားကြီးများသည် မိသားစုနှင့်အတူ အေးချမ်း ပျော်ရွှင်စွာ ဖြတ်သန်းခွင့်ရရှိကြမည်ဖြစ်သည်။**

လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမား အလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ်နာရီပေါင်းများစွာ လုပ်ကိုင်ကြရသော်လည်း ထိုက်တန်သော လုပ်ခလစာ မရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများ သက်သာချောင်ချိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်နှစ်ကာလများအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန် လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူ လိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန် လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများ ရှိခဲ့သည်။ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဩစတြေးလျတိုက်သို့ပင် ပျံ့နှံ့လာခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ ပြုလုပ်သည့် အမေရိကန်အလုပ်သမားများအဖွဲ့က တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထိုသို့တောင်းဆိုမှုများကြောင့် ၁၈၈၉ ခုနှစ် မေလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဟုသတ်မှတ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှစတင်၍ နှစ်စဉ် မေလ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့တွင် တရားဝင် ရုံးပိတ်ပေးထားသည်။ ထိုနေ့တွင် ကာယ၊ ဉာဏ လုပ်သားကြီးများသည် လုပ်ငန်းခွင်ဝင်ရန် မလိုဘဲ အနားရသော်လည်း လုပ်ခလစာအပြည့်အဝ ရရှိကြသည်။ လက်ရှိအချိန်တွင် အလုပ်သမားများသည် ရသင့်ရထိုက်သော အခွင့်အရေးများ အပြည့်အဝရရှိနေကြပြီဖြစ်သည်။

## ဖွဲ့စည်းထားရှိ

အလုပ်သမားများကို တန်ဖိုးထားသောအားဖြင့် ၁၉၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization–ILO) ကို ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အလုပ်သမားတို့၏ဘဝနှင့် လုပ်ငန်းခွင်တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သို့ ဝင်ရောက်ခဲ့သည်။

ILO ၏ရည်ရွယ်ချက်သည် အလုပ်သမားတို့၏ အလုပ်ချိန်သတ်မှတ်မှု၊ အလုပ်သမားရရှိရေးနှင့် အလုပ်လက်မဲ့မပေါ်ပေါက်ရေး၊ အလျဉ်မီလစာ နှုန်းထားသတ်မှတ်ရေး၊ လုပ်ငန်းခွင်ကြောင့် ရောဂါအနာတရ မဖြစ်ပွားရေး၊ ကလေးသူငယ်များကို အလုပ်သမားအဖြစ်စေခိုင်းခြင်းမှ အကာအကွယ်ပေးရေး၊ လူငယ်အလုပ်သမား၊ အမျိုးသမီးအလုပ်သမားများအား အကာအကွယ်ပေးရေး၊ သက်ကြီးထောက်ပံ့ကြေးနှင့် အနာတရဖြစ်သူထောက်ပံ့ကြေးပေးရေး၊ တိုင်းတစ်ပါး၌ အလုပ်လုပ်ရသူများအတွက် အကာအကွယ်ပေးရေး၊ အလုပ်တူလုပ်ရလျှင် လုပ်ခတူ ရရေး၊ အလုပ်သမားအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရရေး၊ အလုပ်ခွင်သင်တန်းများနှင့် နည်းပညာသင်တန်းများ ပေးရေးတို့ပင်ဖြစ်သည်။

> **“နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှု အရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများ အကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရေးတို့အတွက် အထူး အလေးထား ဆောင်ရွက်ပေးလျက်ရှိ”**

## ကာယ၊ ဉာဏလုပ်သားကြီးများ

စင်စစ်အားဖြင့် ကာယ၊ ဉာဏ လုပ်သားကြီးများသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဖော်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထိုအလုပ်သမားကြီးများကို အတန်းအစားနှစ်မျိုး ခွဲခြားနိုင်ပေသည်။ အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ဉာဏလုပ်သားနှင့် ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ ရုန်းကန်နေကြရသော ကာယလုပ်သားတို့ ဖြစ်ကြသည်။ လူတိုင်းသည် ဉာဏလုပ်သားအဖြစ်သာ အသက်မွေးလိုကြသည်။ သို့သော် ဘဝပေး အခြေအနေအရ လှေထိုး၊ လွှတိုက်၊ ကုန်ထမ်း၊ လယ်ထွန်နေရသော ဉာဏလုပ်သားများစွာလည်း ရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ လူသားတို့သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ထားရှိသည့် စေတနာအင်အားအပေါ် မူတည်၍ ဆင်းရဲ၊ ချမ်းသာကွာဟသွားကြသည်။

## အလေးထားဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှု အရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများ အကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များ ရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးလျက်ရှိသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့အထိ အလုပ်သမားအဖွဲ့အစည်း ၃၀၁၇ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့ကိုလည်း ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ယင်းအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်၏အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကလေးများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့အထိ အလုပ်သမားဆေးရုံကြီးသုံးခု၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ တိုင်းရင်းဆေးခန်းတစ်ခန်း၊ ပုဂ္ဂလိကဆေးရုံ ဆေးခန်း ၆၄ ခန်း၊ ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) နှစ်စီးတို့ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အလုပ်သမားကြီးများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်(ASEAN Occupational Safety and Health Network– ASEAN–OSHNET) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အလုပ်သမားများအရေးကို အထူးအလေးထားကာ အလုပ်သမားများ အခွင့်အရေးအပြည့်အဝ ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အချင်း ပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသောအငြင်းပွားမှုများက တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာသတ်မှတ်နိုင်ခဲ့ပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်ပရောက်အလုပ်သမားများအရေးနှင့် စပ်လျဉ်း၍လည်း ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများခွင့်ပြု၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ခွင့်ပြုပေးလျက်ရှိသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခကြုံတွေ့နေရသူများကို သက်ဆိုင်ရာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးလျက်ရှိသည်။

## အလုပ်သမားကြီးများအရေး အလေးထား ဆောင်ရွက်ပေးကြပါစို့

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘွဲ့ရပညာတတ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ တချို့သော အလုပ်သမားများသည် နည်းလမ်းပေါင်းစုံဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာပြီး အလုပ်အကိုင်ရှာဖွေကြရသည်။ တရားဝင်လမ်းကြောင်းမှ သွားသော လူငယ်များသည် ထိုက်သင့်သော လုပ်ခလစာရရှိကြသည်။ သို့သော် တရားမဝင်သွားရောက်ကြသည့် တချို့သော အလုပ်သမားများသည် အလုပ်ရှင်များ၏ ခေါင်းပုံဖြတ်မှုကို ခံကြရသည်။ တချို့သော အမျိုးသမီးငယ်များသည် လူမှောင်ခိုများနှင့် ကုပ်သွေးစုပ်သူများ၏လက်ချက်ကြောင့် ဘဝပင် ပျက်ကြရသည်။ မည်သို့ပင်ဆိုစေကာမူ အလုပ်သမားများသည် နိုင်ငံ၏စွမ်းအားများ ဖြစ်သောကြောင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဖော်ဆောင်ပေးသင့်ပေသည်။

ဆိုရလျှင် နှစ်စဉ် မေလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကြီးဖြစ်သည်။ ထိုနေ့သည် ကမ္ဘာ့နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေး အာမခံချက်ရှိနေအောင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သော လုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင်ဖြစ်သည်။ သို့မှသာလျှင် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကာယ၊ ဉာဏ လုပ်သားကြီးများ၏ လူမှုစီးပွားဘဝမြင့်မားလာမှသာလျှင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် **အလုပ်သမားကြီးများ အရေးအလေးထား ဆောင်ရွက်သွားကြပါစို့**ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။ ။

**ရည်ညွှန်းချက်။ နေ့စဉ်ထုတ်သတင်းစာများ။**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး လျှော်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၃၀**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအား ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းစင်တာခန်းမဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ယခုသဘာဝဘေးတွင်လည်း မူလအခြေအနေထက် မြင့်မားသောအခြေအနေရောက်အောင် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဒေသခံတိုင်းရင်းသားလူငယ်များ၏ သက်မွေးပညာသင်တန်းများ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုကြောင်း၊ သင်တန်းများ ဖွင့်လှစ်ရာတွင်လည်း ဒေသခံတိုင်းရင်းသားများ၏ ဒေသနှင့်ကိုက်ညီပြီး ပိုမိုအကျိုးဖြစ်ထွန်းစေမည့် သင်တန်းပညာရပ်များကို ကွင်းဆင်းစစ်တမ်းကောက်ယူပြီး သင့်တော်သော သင်တန်းများကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်သည်အထိ ရွေးချယ်သင်ကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက အားပေးစကားပြောကြားပြီး ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကာ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းစင်တာ ပင်မလေးထပ်အဆောက်အအုံအတွင်းရှိ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမများ၊ ရုံးခန်းများ၊ သင်တန်းသူ သင်တန်းသား အိပ်ဆောင်များ ထိခိုက်ပျက်စီးမှုများ၊ ပင်မအလုပ်ရုံခန်းမများ၊ စားရိပ်သာဆောင်နှင့် သင်တန်းစင်တာဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိတ်အပိုင်းများကို အဆောက်အဦအင်ဂျင်နီယာစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးအကြံပြုချက်များအတိုင်း အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒေသခံတိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ပြည်ထောင်စုနှင့် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေများဖြင့် သက်မွေးပညာသင်တန်းများ ၂၂ ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၄၀ ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ အဆိုပါ သင်တန်းသား သင်တန်းသူများသည် ၎င်းတို့ရပ်ရွာဒေသများတွင် သင်တန်းမှ သင်ကြားပို့ချပေးသည့် ပညာရပ်များဖြင့် လက်တွေ့အသုံးချ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှု သွားရောက်ကြည့်ရှုအားပေး



**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးငလျင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများကို အနီးကပ် သင်ကြားပို့ချပေးနေမှုနှင့် ငလျင်ဒဏ်သင့်နေရာများမှ ထိခိုက်ဒဏ်ရာရရှိသူများအား ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသပေးနေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ကြည့်ရှုရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ ပြန်လည်ကျင်းပစစ်ဆေးသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ချောမွေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက ဘာသာရပ်အလိုက် အနီးကပ် သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မတ်လအတွင်း ဖြေဆိုခဲ့သည့် စာဖြေလွှာများကို မန္တလေးတက္ကသိုလ် ပင်မဆောင်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပင်မဆောင်အဆောက်အအုံ ထိခိုက်ပြိုကျပျက်စီး မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရခြင်းများ၊ စာမေးပွဲပြန်လည်ကျင်းပပေးရခြင်း ရည်ရွယ်ချက်များ၊ နိုင်ငံတော်က စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရေး အဆင်ပြေချောမွေ့စွာဖြင့်ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ထောက်ပံ့ဖြည့်ဆည်းပေးနေမှုများနှင့် စိတ်ဓာတ်ခွန်အား အမြင့်ဆုံးထားကာ အခက်အခဲများကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ရင်ဆိုင်ကျော်ဖြတ် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း အားပေးစကားများ ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်နေရာများမှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှုပေးနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်နေမှုများကို လိုက်လံကြည့်ရှုအားပေး၍ အာဟာရဖြည့်စွက်စာများပေးအပ်ကာ ငလျင်ဒဏ်ကြောင့် ဆေးကုသဆောင်အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် Oriental Highway Co., Ltd. မှ ဆောင်ရွက်နေသည့် မန္တလေး-လားရှိုး-ဗန်းမော်- မြစ်ကြီးနားလမ်း (ပြင်ဦးလွင်လမ်းပိုင်း) မိုင်တိုင် ၃၄/၂ မှ မိုင်တိုင် ၃၉/၆ (၅/၄)မိုင် ယာဉ်ကြောပြအမှတ်အသားလိုင်းရေးဆွဲနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အောင်လံမြို့၌ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ခရိုင်/မြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့ဝင်များက ယမန်နေ့က အောင်လံမြို့ပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအရောင်းဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များနှင့် အဆင့်မြင့်ဆန်ရောင်းဝယ်ရေးဆိုင်များသို့ လှည့်လည်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အုန်းနှင့် ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်မျိုးမင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အခြားလူသုံးကုန်ပစ္စည်းများ၊ ဆေးဆိုင်များ၊ ဆီဆိုင်၊ ဆန်ဆိုင်များတွင် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့်သာ ရောင်းချစေရေးတို့အတွက် အသိပညာပေး ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပဲကတိုရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းတက္ကသိုလ်အားလည်းကောင်း၊ ပတ္တမြားရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် Grade-12 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စခန်းသွင်းသင်ကြားပို့ချမည့် နေရာများအားလည်းကောင်း၊ ရွှေမင်းဝံရပ်ကွက်ရှိ ရွှေမင်းဝံဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာ ဈေးရောင်းချနေမှုအားလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စာပေလေ့လာ ကျက်မှတ်နေမှုတို့အားလည်းကောင်း၊ တကောင်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီ၊ အောင်မြေလောကစေတီတော်၊ ပိုးတန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများအားလည်းကောင်း၊ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် သယ်ယူပို့ဆောင်နေမှုများနှင့် ဇက်ကူးတို့ အတက်အဆင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုများအားလည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်အဆောက်အအုံများအားလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်၊ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စီတီးရပ်ကွက်ရှိရာဇာမဏိစူဠာ ကောင်းမှုတော်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများနှင့် လူနေအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများအားလည်းကောင်း၊ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ကာ စခန်းအတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့သွားရောက်၍ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များ တည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်းလုပ်ငန်းများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများအားလည်းကောင်း၊ ကျော်မိုးတံခါးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများအားလည်းကောင်း၊ မြို့ရိုးပေါ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်ဝေါဟိုတယ်နေရာသို့လည်းကောင်း၊ မန္တလေးမြို့၏ အဓိကလမ်းမကြီးများထဲတွင်ပါဝင်သည့် ၂၆ လမ်းမကြီးနှင့် ၇၃ လမ်းမကြီးများပေါ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လုပ်ငန်းပြီးစီးမှုများအား နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ စစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြား လေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမ ပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သန့်ရှင်းရေးဆောင်ရွက်နေသည့်အဖွဲ့များကို စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ကံဦးရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် မန္တလေးငလျင်ကြီးကြောင့် ကျောက်ဆည်ခရိုင်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား လတ်တလောစားသောက်ရေး

*စာမျက်နှာ ၁၃ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းတက္ကသိုလ်အား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၁၂ မှ*

အဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ခြင်း၊ ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူ တစ်ဦးစီအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ငါးသိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ၁၈ သိန်းနှုန်းဖြင့် အသက်ဆုံးရှုံးခဲ့ရသူ ၃၆၃ ဦး အတွက် ငွေကျပ်သိန်းပေါင်း ၆၅၃၄ သိန်းနှင့် စားနပ်ရိက္ခာအနေဖြင့် လူတစ်ဦးလျှင် တစ်လစာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ရိက္ခာ ငါးမျိုး လူဦးရေ ၇၂၆၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၃၈၄၄၉ သိန်းကျော်နှင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၄၄၉၈၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံတော်မှ အင်တိုက်အားတိုက်လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် လက်ပန်ဇင်ကျေးရွာအုပ်စု အင်းကုန်းကျေးရွာ အင်းကုန်း အမက ကျောင်းတို့၌ ဆေးကုသပေးလျက်ရှိသော မလေးရှားနိုင်ငံမှ Mrs. Masniza ခေါင်းဆောင်သော MERCY Malaysia ဆေးကုသရေးအဖွဲ့အား ကျေးဇူးတင်စကားပြောကြား၍ ဆေးကုသရေးဆောင်ရွက်နေမှုနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပညာပေးရေးလုပ်ဆောင်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော ပြည်သူများအား အားပေးစကားပြောကြားခဲ့ကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကိုးပင်ကျေးရွာအုပ်စု ဇလဲကျေးရွာ ဇလဲဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအားအားပေးစကားပြောကြားခဲ့ကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ UNITY HEART မှဦးစီး၍ ဖွင့်လှစ်ပေးထားသော ငလျင်ဘေးသင့်ပြည်သူများအတွက် ကြက်မင်းတွန်ရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၁)နှင့် ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂) ကယ်ဆယ်ရေးစခန်းတို့အား သွားရောက်၍ ယခင်ကမှာကြားထားသည့်အတိုင်း လူနေတဲများအား မိုးလုံနေပူဒဏ်လုံအောင် ဆောင်ရွက်စေခြင်း၊ သောက်ရေသုံးရေကန်များ စနစ်တကျဆောင်ရွက်စေခြင်း၊ စည်းကမ်းတကျနေထိုင်နိုင်ရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျဆောင်ရွက်စေရေး၊ သန့်စင်ခန်းများအား ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့အား ပြန်လည်စစ်ဆေးခဲ့ပြီး မကြာမီမိုးကျတော့မည်ဖြစ်သဖြင့် ဝမ်းရောဂါနှင့် ကူးစက်ရောဂါများမဖြစ်ပွားစေရေးမှာကြားခဲ့ကာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆူးကုန်းရပ်ကွက်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့်အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံးတပ်ဆင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးနေ

**ရန်ကုန် ဧပြီ ၃၀**

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။


ရောဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင် စေတီတော်၏ အပျက်အစီးများ ရှင်းလင်းခြင်း၊ စေတီတော် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယာဉ် ယန္တရား၊ ကရိန်းများဖြင့် စတင်တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ ရောဝတီဖောင်ဒေးရှင်းသည် မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ သွားရောက်ကာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စက်ယန္တရားများနှင့် လူနာတင်ယာဉ်များအတွက် စက်သုံးဆီအခမဲ့လှူဒါန်းခြင်း၊ စက်ယန္တရားများအတွက် နေရာသို့တိုက်ရိုက် စက်သုံးဆီများဖြည့်တင်းပေးခြင်း၊ ပျက်စီးသွားသော လမ်းများပြုပြင်ပေးခြင်း၊ ငလျင်ဒဏ်ခံစားခဲ့ရသူများအတွက် ထောက်ပံ့ကူညီပေးခြင်း၊ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများနှင့် အစားအသောက်၊ သောက်သုံးရေများ လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ဆေးကုသမှုခံယူနိုင်ရန် မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် စုစုပေါင်း ခုတင် ၄၃၀ ဆံ့ ယာယီဆေးရုံများ အလျင်အမြန် တည်ဆောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သလို လက်ရှိအချိန်တွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် နေရာဒေသများအား ရှင်းလင်းခြင်း၊ ပြန်လည်တည်ထောင်ရေးတို့ အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ကိုမိုး**



○ *ကျောဖုံးမှ*

### ၃-၅-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

◆ *ကျောဖုံးမှ*

တိုက်စစ်အားသန်သည့် အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာသည် ပြိုင်ဘက်အာဆင်နယ်အသင်း၏ ဂိုးရရှိနိုင်သည့်အခွင့်အရေးများကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ခြေစွမ်းကောင်းအချို့ ပြသနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပေ။ ပွဲကစားချိန် ၄၇ မိနစ်တွင် အာဆင်နယ်ကစားသမား မာရီနိုအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပီအက်စ်ဂျီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၄ မိနစ်တွင် ခါဗီချာ၏ ဖန်တီးမှုကို အသင်းတိုက်စစ်ကစားသမား ဒမ်ဘီလီက အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပီအက်စ်ဂျီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီနှင့် အာဆင်နယ်အသင်းတို့၏ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို မေ ၈ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

အမာခံကစားသမားအများစု အသုံးပြုခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် ခုနစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ဆွမ်လမန်၊ ၂၄၊ ၂၈၊ ၆၇၊ ၆၈၊ ၇၃ မိနစ်တွင် ရန်ကျော်ထွေး၊ ၄၂ မိနစ်တွင် ရန်နိုင်ဦး၊ ၆၃ မိနစ်တွင် မိုးဆွေ၊ ၇၂၊ ၉၀+၁ မိနစ်တွင် ထက်ဖြိုးဝေ၊ ၉၀+၃ မိနစ်တွင် ငြိမ်းချမ်းအောင်တို့က သွင်းယူခဲ့သည်။ ငွေကြယ်ပွင့်အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၆၄ မိနစ်တွင် အောင်အောင်၊ ၈၂ မိနစ်တွင် ညီညီထွန်းက သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက Glory Goal အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ပြီး ငါးမိနစ်တွင် ဝိုင်းလု၊ ၄၁ မိနစ်တွင် မောင်မောင်စိုး၊ ၆၁ မိနစ်တွင် ဖွဲမာန်သာ၊ ၈၀၊ ၉၀+၁ မိနစ်တွင် ဇော်ဇော်ထိုက်တို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် အား/ကာသိပ္ပံအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ Chinland အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ Chinland အသင်းအတွက် ဦးဆောင်ဂိုးများကို ခြောက်မိနစ်တွင် လှဖုန်းဦး၊ ၄၈ မိနစ်တွင် ဟိန်းသက်ဖြိုးတို့က သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးများကို ၃၇ မိနစ်တွင် ဝင်းပြည့်မောင်နှင့် ၅၆ မိနစ်တွင် ဟိန်းထက်ငြိမ်းတို့က သွင်းယူသည်။ တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရာမညယူနိုက်တက်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးပြတ်နိုင်ပွဲ တစ်ပွဲဖြစ်ခဲ့ပြီး လာမည့်ရာသီ တန်းတက်ခွင့်ရထားသည့် ရာမညယူနိုက်တက်အသင်းအတွက် MNL တွင် ခြေစွမ်းမီကစားနိုင်ရန် လိုအပ်နေသေးကြောင်း ပြသခဲ့သည့်ပွဲဖြစ်ခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၃၉၊ ၅၉ မိနစ်တွင် ပြည်မိုး၊ ၅၂ မိနစ်တွင် ရန်ကျော်စိုး၊ ၅၇ မိနစ်တွင် ဝေယံဖြိုး၊ ၈၂ မိနစ်တွင် စိုးထက်ဝင်း၊ ၉၀+၃ မိနစ်တွင် စိုးကျော်ကျော်တို့က သွင်းယူပြီး ရာမညယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၇၅ မိနစ်တွင် လွင်မျိုးအောင်နှင့် ၇၆ မိနစ်တွင် ချမ်းငြိမ်းတို့က သွင်းယူခဲ့သည်။ **ကိုညီလေး၊ ဓာတ်ပုံ-MNL**

# ရာထူးသက်တမ်း ရက် ၁၀၀ ပြည့်တွင် ထရမ့်က ၎င်း၏အောင်မြင်မှုများကို အမွှမ်းတင်ပြောကြား

**ဝါရှင်တန် ဧပြီ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရာထူးသက်တမ်း ရက် ၁၀၀ ပြည့်နေ့တွင် ပြုလုပ်သည့် လူထုစုဝေးပွဲ၌ တရားမဝင် ရွှေ့ပြောင်းအခြေချမှုကိစ္စ၊ အကောက်ခွန်စည်းကြပ်မှု ကိစ္စများနှင့် ပတ်သက်ပြီး မစ္စတာထရမ့်က ၎င်း၏အောင်မြင်မှုများကို အမွှမ်းတင်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရာထူးသက်တမ်း ရက် ၁၀၀ ပြည့်နေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် မစ္စတာထရမ့်သည် ဧပြီ ၂၉ ရက်က နိုင်ငံ၏အနောက်အလယ်ပိုင်း မီချီဂန်ပြည်နယ်တွင် ၎င်း၏ထောက်ခံသူများကို မိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါပြည်နယ်သည် မစ္စတာထရမ့်၏ သမ္မတရွေးကောက်ပွဲ ယှဉ်ပြိုင်အနိုင်ရခဲ့သည့်နေရာဖြစ်သည်။

သမ္မတထရမ့်က သမိုင်းတွင် အအောင်မြင်ဆုံးဖြစ်သည့် အစိုးရသက်တမ်း ရက် ၁၀၀ ပြည့်အထိမ်းအမှတ်ကို အောင်မြင်စွာကျင်းပရန် နိုင်ငံ၏ အလယ်ဗဟိုတွင် ရှိသည့်နေရာကို မိမိတို့ရောက်နေသည်ဟု ပြောကြားပြီး မိန့်ခွန်းပြောကြားခြင်းကို စတင်လိုက်သည်။

သီတင်းတစ်ပတ်ပြီးတစ်ပတ် တရားမဝင် ရွှေ့ပြောင်းအခြေချမှုများကို အဆုံးသတ်နိုင်ခဲ့ကြောင်း၊ မိမိတို့၏အလုပ်အကိုင်များကို ပြန်လည်ရယူပြီး အမေရိကန်ကားလုပ်ငန်းအလုပ်သမားများနှင့် တခြားအလုပ်သမားများအားလုံးကို ကာကွယ်ပေးနေကြောင်း ပြောကြားပြီး ၎င်း၏အောင်မြင်မှုများကို မီးမောင်းထိုးပြခဲ့သည်။

ထို့အပြင် အစိုးရအလုပ်သမားများကို လျှော့ချပြီး အစိုးရ၏ အစီအစဉ်များကို ပြန်လည်သုံးသပ်ရန် လုပ်ဆောင်နေကြောင်းနှင့် နှစ်ပေါင်း ၁၀၀ နီးပါးအတွင်း အမေရိကန်၏အကြီးအကျယ်ပြောင်းလဲမှုများကို ရက်ပေါင်း ၁၀၀ အတွင်း လုပ်ဆောင်ခဲ့ကြောင်း မစ္စတာ ထရမ့်က ပြောကြားခဲ့သည်။

အဆိုပါလူထုစုဝေးပွဲကို အမေရိကန်မော်တော်ယာဉ်လုပ်ငန်း၏ ဗဟိုချက်ဖြစ်သည့် ဒီထရိုက်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တွင် ပြုလုပ်ခဲ့ပြီး ဂျပန်ကားအမြောက်အမြားအမေရိကန်နိုင်ငံကို တင်သွင်းနေခြင်းအပေါ် မကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



ဂျပန်ကို ချစ်သည်ဟု ပြောကြားခဲ့သော်လည်း ဂျပန်ကားထုတ်လုပ်သူများကို အမေရိကန်တွင်သာ ကားများထုတ်လုပ်ရန် အလေးထား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ ဘာသာရေးပွဲတော်တစ်ခုတွင် အရှည်ပေ ၂၀ ရှိ နံရံပြိုကျမှုကြောင့် ရှစ်ဦး သေဆုံး

**နယူးဒေလီ ဧပြီ ၃၀**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန္ဒရပဒေ့ရှ်ပြည်နယ်ရှိ ဟိန္ဒူဘုရားကျောင်းတစ်ခု၌ ပွဲတော်ကျင်းပနေသည့် အချိန်အတွင်း နံရံပြိုကျမှုကြောင့် ရှစ်ဦးထက်မနည်း သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၃၀ ရက်တွင် တာဝန်ရှိသူများက ပြောသည်။

အန္ဒရပဒေ့ရှ်ပြည်နယ်၏ မြို့တော် အမရာဝတီ၏ အရှေ့မြောက်ဘက် ၃၉၃ ကီလိုမီတာခန့်အကွာ ဗီဆာခါပတ္တနမ်မြို့တွင် နှစ်စဉ်ကျင်းပသော ဘာသာရေးပွဲတော်တစ်ခုအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တာဝန်ရှိသူများ၏ ပြောကြားချက်အရ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အရှည် ပေ ၂၀ ရှိသည့် နံရံပြိုကျကာ ဘုရားကျောင်းထဲဝင်ရန် တန်းစီစောင့်ဆိုင်းနေသည့် ဘုရားဖူးများအပေါ် ပိမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နံရံပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်။

ဒေသန္တရ အစိုးရအကြီးတန်းအရာရှိ ဗီနေချန်းက အပျက်အစီးအားလုံးကို ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း ပြောသည်။ အခင်းဖြစ်ပွားပြီးနောက် အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ရန် ပြည်နယ်၏ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ဝင်များကို အမိန့်ပေးဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရှန်ကျိုး-၁၉ အာကာသလေ့လာရေးတာဝန် ထမ်းဆောင်ပြီးမြောက်သွားသော အာကာသယာဉ်မှူးသုံးဦး အာကာသတွင် ၁၈၃ ရက် နေထိုင်ပြီးနောက် ကမ္ဘာမြေသို့ပြန်လည်ရောက်ရှိ

**ပေကျင်း ဧပြီ ၃၀**



ရှန်ကျိုး-၁၉ အာကာသလေ့လာရေး တာဝန်ထမ်းဆောင်ပြီးမြောက်သွားသော အာကာသယာဉ်မှူးသုံးဦးသည် ဧပြီ ၃၀ တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း တရုတ်နိုင်ငံ လူလိုက်ပါသည့် အာကာသအေဂျင်စီ (စီအမ်အက်စ်အေ) က အာကာသခရီးစဉ်အောင်မြင်မှု အကြောင်း ဂုဏ်ယူပြောကြားလိုက်သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၇ မိနစ်တွင် ပေကျင်းအာကာသယာဉ် ထိန်းချုပ်ရေးဌာနသည် မြေပြင်စခန်းမှတစ်ဆင့် အာကာသမှမြေပြင်သို့ ပြန်ဆင်းရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ထို့နောက် ရှန်ကျိုး - ၁၉ အာကာသယာဉ်၏ ဂြိုဟ်ပတ်အာကာသယာဉ်သည် မြေပြင်သို့ ပြန်ဆင်းမည့် အာကာသယာဉ်ငယ်ကို ဖြုတ်ချလိုက်သည်။

မြေပြင်သို့ဆင်းမည့်အာကာသယာဉ်ငယ်သည် တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒွန်ဖန်းဆင်းသက်ရေးနေရာသို့ မွန်းလွဲ ၁ နာရီ ၈ မိနစ်တွင် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း စီအက်အက်စ်အေက ပြောသည်။

မွန်းလွဲ ၂ နာရီ ၂ မိနစ်တွင် ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများအဖွဲ့သည် ကမ္ဘာမြေသို့ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့သည် ပတ်လမ်းထဲတွင် ၁၈၃ ရက်ကြာ နေထိုင်ခဲ့ပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဗီယက်နမ်စစ်ပွဲ ပြီးဆုံးခြင်း နှစ် (၅၀) ပြည့်အထိမ်းအမှတ် နှစ်ပတ်လည်နေ့ကို ဗီယက်နမ်၌ ကျင်းပ

**ဟိုချီမင်း ဧပြီ ၃၀**

ဗီယက်နမ်စစ်ပွဲ ပြီးဆုံးခြင်း နှစ် (၅၀) ပြည့်အထိမ်းအမှတ် နှစ်ပတ်လည်နေ့ကို ဧပြီ ၃၀ ရက်က ဆိုင်ဂုံဟုခေါ်သည့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံခေါင်းဆောင်များက ဗီယက်နမ်ကို ပြန်လည်ပေါင်းစည်းနိုင်ခဲ့သည့် အောင်ပွဲအတွက် ချီးကျူးဂုဏ်ပြုခဲ့ကြသည်။ လူပေါင်း ၃ သန်း သေဆုံးခဲ့သည့် စစ်ပွဲပြီးဆုံးခဲ့သည်မှာ ဧပြီ ၃၀ ရက်တွင် နှစ်ပေါင်း ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ရက်စက်ကြမ်းကြုတ်သော စစ်ပွဲသည် အနောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့အကြား ဖြစ်ပွားခဲ့သည့်စစ်ပွဲဖြစ်သည်။ စစ်ပွဲသည် ၁၉၇၅ ခုနှစ် ဧပြီ ၃၀ တွင် ပြီးဆုံးခဲ့သည်။ တောင်ဗီယက်နမ်မြို့တော် ဆိုင်ဂုံသည် ထိုအချိန်က အနောက်ဗီယက်နမ်လက်အောက်သို့ ကျရောက်နေသည်။

အဆိုပါအခမ်းအနားကို ယခင်က တောင်ဗီယက်နမ်သမ္မတ အိမ်တော်ဖြစ်ခဲ့ဖူးသော ပြန်လည်ပေါင်းစည်းရေးခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံထိပ်တန်းခေါင်းဆောင်များနှင့် ဖိတ်ကြားထားသော အခြားနိုင်ငံများမှ ကိုယ်စားလှယ်တော်များ တက်ရောက်ကြသည်။ ဗီယက်နမ်တပ်ဖွဲ့ဝင်များသည် ဟိုချီမင်းတစ်လျှောက် စစ်ရေးပြအခမ်းအနားများလည်း ပြုလုပ်ခဲ့ကြသည်။

ဗီယက်နမ်ပြည်သူ ၇၀ ရာခိုင်နှုန်းကျော် စစ်ပွဲပြီးမှ မွေးခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် စစ်ပွဲဒဏ်ကို မေ့ပျောက်နိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ စားသောက်ကုန် ၁၄၀၀၀ ကျော် ဈေးနှုန်းမြင့်တက်ဖွယ်ရှိ

**တိုကျို ဧပြီ ၃၀**

ဂျပန်နိုင်ငံတွင် စားသောက်ကုန် ၁၄၀၀၀ ကျော်မှာ ၂၀၂၅ ခုနှစ်တွင် ဈေးနှုန်း မြင့်တက်ဖွယ်ရှိကြောင်း ပုဂ္ဂလိက သုတေသနကုမ္ပဏီ တိုက်ကိုကု ဒေတာဘဏ်၏ စစ်တမ်းတစ်ခုအရ သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ်က ကောက်ယူရရှိသော စုစုပေါင်းထက် ကျော်လွန်လာသည်ဟု ဆိုသည်။

ပြည်တွင်း အဓိကစားသောက်ကုန်ထုတ်လုပ်သူ ၁၉၅ ခုကို စစ်တမ်းကောက်ယူခဲ့ရာတွင် အောက်တိုဘာလအထိ ဈေးနှုန်းမြှင့်တင်ရန် ကြေညာထားသည့် စားသောက်ကုန်ပေါင်း ၁၄၄၀၉ မျိုးရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယမန်နှစ်က ဈေးနှုန်းတက်ခဲ့သည့် စားသောက်ကုန်ပစ္စည်း အရေအတွက်ထက် ၁၈၀၀ ခန့် ပိုများလာသည်ဟု ဆိုသည်။

စားသောက်ကုန်ဈေးနှုန်း မြင့်တက်ရခြင်းမှာ ကုန်ကြမ်းပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးနှင့် သဘာဝဓာတ်ငွေ့ အသုံးပြုသည့်စရိတ် မြင့်တက်လာရခြင်းကြောင့်ဟု ဆိုသည်။ ထို့အပြင် လုပ်သားရှားပါးမှုနှင့် ဝန်ထမ်းစရိတ် မြင့်တက်လာခြင်းကြောင့်လည်း ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်သည်ဟု ဆိုသည်။

**ဆင်ဟွာ**

## မိုင်းရှူးမြို့နယ်၌ သေဆုံးသူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေများပေးအပ်



**မိုင်းရှူး မေ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် အောင်ပန်းဟိုတယ်တွင် တည်းခိုစဉ်ဟိုတယ် ပြိုကျမှုကြောင့် သေဆုံးခဲ့ရသော မိုင်းရှူးမြို့နယ် ဟိုဆိုင်ကျေးရွာအုပ်စု ဝမ်ကန်ရွာမှ အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦးတို့၏ ကျန်ရစ်သူ မိသားစုဝင်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေများအား ပြန်လည်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက် ပတ္တမြားခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှစ်သိမ့်အားပေးစကား ပြောကြားပြီး ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော ကျန်ရစ်သူမိသားစုဝင်များအား သေဆုံးသူ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းလူ(ပြန်/ဆက်)**

## မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မကွေး မေ ၃၀**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား ယနေ့နံနက် ၉ နာရီက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (FSC) ရရှိရေး၊ တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်ဖြစ်စေရေး၊ ရေရရှိရေးတို့ကို စီမံဆောင်ရွက်ထားရှိရန်နှင့် စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသုံးပြုတတ်စေရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ စီမံဆောင်ရွက်သွားရန် စစ်ဆေးအကြံပြုဆောင်ရွက်သည်။



မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိက အဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်/ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးသတိမူရေး နှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း သရုပ်ပြလေ့ကျင့်ခြင်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



## အောင်မြေသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၃၀**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းတို့ ဦးဆောင်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၄၀ တို့က မေ ၃၀ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ စန္ဒာမုနိဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပြိုကျပျက်စီးခဲ့သော အရံစေတီတော်များအား ဖယ်ရှားရှင်းလင်းခြင်း၊ (၇၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကျင်းပရေးကော်မတီမှ ဘုရားပြုပြင်ထိန်းသိမ်းရန် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းခြင်းနှင့် အမရပူရမြို့နယ်ရှိ ရွှေကူကြီးဘုရားနှင့် အရံစေတီများ ပြိုကျပျက်စီးမှုအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများနှင့် ပရိဝုဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ (၇၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေးကော်မတီမှ ဘုရားပြုပြင်ထိန်းသိမ်းရန်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

မေ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၆၅) မိုင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Young Man Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်း ရွှေကြက်ကျဘုရားအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၅၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Caldina Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၈၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၄၈၃၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၃၆၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ နောက်လယ်ရပ်ကွက် နောက်လယ် (၇) လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၃၂၆၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(၃) ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ပုလဲလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းထိပ်ရှိ ဒေသငါးဖမ်းလှေဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၅၂၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၉ ရက်တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၇၉၃၃၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-6 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဝေါ-ဒိုက်ဦးလမ်းဆုံအနီး၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၁၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၃၀ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၇ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၉၇၆၉၅) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၁၆၅၂၆၃) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၃၂၆၈၂၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၁၃၅၇၇၇၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြောင်းလဲလျက်ရှိသော အသိုက်အဝန်းများအတွင်း ပြတိုက်များ၏အခန်းကဏ္ဍ

**သီသီသောင်း**




၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Museum Day – IMD) သည် ကမ္ဘာတစ်ဝန်းရှိ ပြတိုက်အချင်းချင်း ဆက်သွယ်ပေးသည့် ပြတိုက်များ၏ အရေးပါသည့်နေ့တစ်နေ့ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (ICOM) သည် ၁၉၇၇ ခုနှစ်မှ စတင်ကာ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ကျင်းပခဲ့ရာ ၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် (၄၈)နှစ်မြောက် ကျရောက်မည်ဖြစ်သည်။ ယခုနှစ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (International Museum Day – IMD 2025) အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ The Future of Museums in Rapidly Changing Communities (လျင်မြန်ပြောင်းလဲ လူမှုအသိုက်အဝန်းအတွင်း၊ ပြတိုက်များ၏ အနာဂတ်ကိုရှေးရှုခြင်း)ဖြစ်ပါသည်။

ဤဆောင်ပုဒ်အရ လူမှုရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာကြီးအတွင်း ပြတိုက်များအနေဖြင့် မည်သို့လိုက်လျောညီထွေဖြစ်ပြီး ဦးဆောင်ဖွံ့ဖြိုးနိုင်မည်၊ တုံ့ပြန်နိုင်စွမ်း၊ ဆန်းသစ်တီထွင်မှုနှင့် လူထုပါဝင်မှုအရ အရေးပါသော အဖွဲ့အစည်းများအဖြစ် လူ့အသိုင်းအဝိုင်းတွင် ပိုမိုတန်ဖိုးထားမှု၊ ပြတိုက်များသည် မည်သို့လမ်းပြကူညီနိုင်သည်၊ တာဝန်ယူ ပါဝင်နိုင်သည် စသည့် ပြတိုက်များ၏ အရေးပါမှုအခန်းကဏ္ဍကို ဖော်ပြနေပါသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့၏ဆောင်ပုဒ်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပမည့် ICOM အထွေထွေညီလာခံ၏ အဓိကအကြောင်းအရာများနှင့် ကိုက်ညီပါသည်။ ကမ္ဘာတစ်ဝန်းပြောင်းလဲနေသည့် အခြေအနေများအတွင်း ပြတိုက်များသည်လည်း ပြောင်းလဲမှုများအလိုက် မတူညီသော နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှု၊ နည်းပညာအသစ်များကို လက်ခံအသုံးပြုခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းသစ်များ ဖန်တီးနိုင်ပါသည်။ ထိုနည်းပညာအခြေပြု ပြောင်းလဲမှုများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင်သာမက အနာဂတ်ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍများတွင် သက်ရောက်မှုရှိစေပြီး ပြတိုက်များ၏ အခန်းကဏ္ဍကို အထောက်အကူဖြစ်စေပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (ICOM)သည် ပြတိုက်များနှင့် ပြတိုက်ပညာရှင်များအတွက် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် လူမှုအသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်ရေး လုပ်ဆောင်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေပါသည်။

ယင်းအဖွဲ့သည် အဖွဲ့ဝင် ၁၂၉ နိုင်ငံနှင့် နိုင်ငံအသီးသီးမှ အဖွဲ့ဝင် ပြတိုက်ပညာရှင် ၅၇၀၀၀ ကျော်ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာကွန်ရက်တစ်ခုအဖြစ် တည်ရှိသည်။ ICOM သည် အပြည်ပြည်ဆိုင်ရာ မီဒီယာပေါ်တွင် ပြတိုက်ပညာရှင်များ၏ အသံအဖြစ်ထင်ပေါ်ပြီး ယဉ်ကျေးမှုအမွေအနှစ်နှင့်ဆိုင်သောပြဿနာများအပေါ် အကြံဉာဏ်ပေးခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာ စွမ်းရည်တိုးမြှင့်ရန် ထောက်ပံ့ခြင်းနှင့် ဉာဏ်ပညာဖလှယ်မှုများ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် လူမှုယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်အောင်မြင်စွာ လှုံ့ဆော်ဆောင်ရွက်နေပါသည်။

**အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD)၏ ရည်ရွယ်ချက်များ**

ယခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD) ၏ ရည်ရွယ်ချက်မှာ ပြတိုက်များသည် ယဉ်ကျေးမှုအပြန်အလှန်ဆက်နွှယ်မှု၊ လူ့အဖွဲ့အစည်းများအကြား နားလည်တိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ထမ်းဆောင်နိုင်ကြောင်း လူထုသိမြင်မှုကို မြှင့်တင်ဖော်ပြရန်ဖြစ်ပါသည်။ ပြတိုက်များသည် ယနေ့ခေတ် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော လူ့အသိုက်အဝန်းတွင် အနာဂတ်အတွက် ပိုမိုတည်တံ့ဖွံ့ဖြိုးနိုင်သော အဖွဲ့အစည်းများဖြစ်လာစေရန်၊ လူထုပါဝင်ဆောင်ရွက်နိုင်သော အဖွဲ့အစည်းများအဖြစ် တက်ကြွစွာပါဝင်နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD) ဆောင်ပုဒ်သည် **"လျင်မြန်ပြောင်းလဲ လူမှုအသိုက်အဝန်းအတွင်း၊ ပြတိုက်များ၏ အနာဂတ်ကိုရှေးရှုခြင်း"** ဖြစ်ပေရာ ပြတိုက်များသည် လူမှုရေး(Social)၊ နည်းပညာ(Technological)နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ(Environmental) ပြောင်းလဲမှုများအတွက် မည်သို့ကိုက်ညီကာ တက်ကြွစွာပါဝင်မှု၊ ပြုပြင်ပြောင်းလဲမှုများနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်မှုစသည့် အဓိကအခန်းကဏ္ဍများမှ ပါဝင်ပါသည်။

၂၀၂၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (IMD)၏ ဆောင်ပုဒ် (Theme) ကို ခွဲခြားရသော်-

**၁။ ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးရေး၌ ပါဝင်သောအခန်းကဏ္ဍ (Role in Sustainable Development)**

ပြတိုက်များသည် သဘာဝအရင်းအမြစ်များကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲကာ တည်တံ့သောဖွံ့ဖြိုးရေးရရှိရေး၌လည်း အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေမှုသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်လည်း ကိုက်ညီသည်ဟု ပြသနိုင်ပါသည်။

**၂။ ၂၀၂၅ ခုနှစ် IMD အတွက် အဓိကပန်းတိုင်များ (Key SDGs for 2025 International Museum Day)**

၂၀၂၅ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်အရ ပြတိုက်များသည် လက်ရှိကမ္ဘာ့အခြေအနေအပြောင်းအလဲများအတွင်း၌လည်း မိမိတို့၏လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များနှင့် လူ့အသိုက်အဝန်းအပေါ်အကျိုးသက်ရောက်မှုများကို ပြန်လည်စဉ်းစားပြီး ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ပါဝင်ဆောင်ရွက်နေကြကြောင်း ပြသနေပါသည်။

ပြတိုက်များသည် ယခုခေတ်တွင် ယဉ်ကျေးမှုထိန်းသိမ်းရေး အဖွဲ့အစည်းအဖြစ်သာမက လူ့အသိုက်အဝန်းများနှင့် ဆက်နွှယ်မှုရှိသည့်ပညာရေး၊ သတင်းအချက်အလက်ဖလှယ်မှု၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုများတွင်လည်း တက်ကြွစွာပါဝင်လာကြပါသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများသည် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs) နှင့် အထူးသဖြင့် အောက်ပါအဓိက SDGs 8၊ SDGs 9၊ SDGs 11 တို့နှင့် လုံးဝကိုက်ညီပါသည်။

**(က)SDGs (8) – တည်တံ့သော လူမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်(Decent Work and Economic Growth:)**

SDGs 8 အောက်တွင် ပြတိုက်များသည် ဒေသခံလူထုအတွက် အလုပ်အကိုင်ဖန်တီးခြင်း၊ ပညာရေးအစီအစဉ်များ၊ လေ့လာရေးအစီအစဉ်များနှင့် ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို ပံ့ပိုးပေးပါသည်။

**(ခ) SDGs (9)– စက်မှုဖွံ့ဖြိုးမှု၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဖွံ့ဖြိုးမှု (Industry၊ Innovation and Infrastructure)**

SDGs 9 အရ ပြတိုက်များသည် ဆန်းသစ်တီထွင်မှုများကို ဦးစားပေးပြီး နည်းပညာအသစ်များကို လက်ခံအသုံးပြုခြင်းအားဖြင့် ဧည့်သည်များအတွက် ဝင်ရောက်လေ့လာမှု အတွေ့အကြုံ အရည်အသွေးကို မြှင့်တင်နိုင်သည့်အပြင် ပြတိုက်လုပ်ငန်းစဉ်များ တိုးတက်ပြောင်းလဲမှုကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

**(ဂ) SDGs (11) – ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုအသိုက်အဝန်းများ (Sustainable Cities and Communities:)**

SDGs 11 ရည်ရွယ်ချက်အရ ပြတိုက်များသည် ယဉ်ကျေးမှုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုတွင် ဦးဆောင်ကာ ယဉ်ကျေးမှုစင်တာအဖြစ် တည်ရှိသည့်အနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ထောက်ပံ့မှုတစ်ရပ်ဖြစ်စေပါသည်။ ထို့အပြင် လူထုပါဝင်မှုနှင့် တုံ့ပြန်နိုင်မှုရှိသော လူမှုအသိုက်အဝန်းများ ဖော်ဆောင်ရာတွင်ပါ အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်နေသလို ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

**၃။ ပြောင်းလဲမှုများ (Navigating Change)**

ယနေ့ကမ္ဘာမှာ အရာအားလုံးပြောင်းလဲနေပြီး ပြတိုက်များသည်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြန်လည်စဉ်းစားရန် လိုအပ်နေပါသည်။ နည်းပညာအသစ်များ၊ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ကမ္ဘာ့ဖြစ်ရပ်အသစ်များအတိုင်း ကိုက်ညီအောင်ပြောင်းလဲပြီး ရှင်းလင်းစွာဖော်ပြနိုင်ရန် လိုအပ်ပါသည်။

**၄။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာဖြန့်ဝေမှု (Contributing to Sustainable Development)**

ပြတိုက်များသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ရည်ရွယ်ထားသဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များ (SDGs) နှင့် ကိုက်ညီပါသည်။ အထူးသဖြင့် SDGs 8 (လူမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး)၊ SDGs 9 (စက်မှု၊ တီထွင်မှုနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး)နှင့် SDGs 11 (တည်တံ့သောမြို့ပြနှင့် လူမှုအသိုင်းအဝိုင်းများ ဖွံ့ဖြိုးရေး) တို့နှင့် ဆက်စပ်ပါသည်။

စာမျက်နှာ ၁၇ သို့

❑ **ပြတိုက်များသည် မျိုးဆက်သစ်လူငယ်များအတွက် ယဉ်ကျေးမှုအသိပညာများ တိုးတက်စေရန် အခွင့်အလမ်းပေးခြင်းဖြင့် မိမိရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဂုဏ်ယူတန်ဖိုးထားပြီး ထိန်းသိမ်းလိုသည့် စိတ်ဓာတ်၊ အသိဉာဏ်ပညာနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုရေချိန်မြင့်မားလာစေရန် ကူညီပံ့ပိုးကာ အနာဂတ်တွင် စွမ်းဆောင်နိုင်သည့် ခေါင်းဆောင်များ ဖွံ့ဖြိုးထွန်းကားလာစေရန် လမ်းပြပေးသည့် နေရာတစ်ခုလည်းဖြစ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု

နေပြည်တော် ဧပြီ ၃၀

မေ ၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

**၅။ လူမှုအသိုက်အဝန်းအပေါ် အာရုံစိုက်မှု (Community Focus)**

ပြတိုက်များသည် မိမိတို့ဒေသရှိ လူမှုအသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေပြီး ဒေသခံလူထု၏ အတွေးအမြင်များနှင့် လိုအပ်ချက်များကို ဖြည့်စွမ်းပြီး ထင်ဟပ်အောင် ဖော်ပြနိုင်ရန် အခွင့်အရေးများကို ချဲ့ထွင်သင့်ပါသည်။

**၆။ ထိန်းသိမ်းမှုနှင့် ဆန်းသစ်တီထွင်မှု (Preservation and Innovation)**

ပြတိုက်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားရန် အရေးကြီးကြောင်းကို ဖော်ပြသည့်အပြင် ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာအသစ်များကိုလည်း လက်ခံအသုံးချနိုင်ဖို့ အရေးကြီးကြောင်း ပြသရပါမည်။

**၇။ ဆက်သွယ်သူ အခန်းကဏ္ဍ (Role as a Connectors)**

ပြတိုက်များသည် လူထု၊ ဆွေးနွေးမှုများနှင့် လူမှုအသိုက်အဝန်းများအကြား ဆက်သွယ်မှုဖန်တီးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ထမ်းဆောင်သည့်အပြင် ပူးပေါင်းဆောင်ရွက်မှုများနှင့် လူမှုဆက်ဆံရေး တိုးတက်ရေးလုပ်ဆောင်ချက်များကိုလည်း ပံ့ပိုးကူညီနေကြပါသည်။

**၈။ လက်ရှိ ပြောင်းလဲမှုနှင့် ပြတိုက်များ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ (Challenges)**

လက်ရှိတွင် ပြတိုက်များသည် ဒစ်ဂျစ်တယ်နည်းပညာ မြန်ဆန်သောတိုးတက်မှုကြောင့် ယှဉ်ပြိုင်မှုကြုံတွေ့ရခြင်း၊ လာရောက်လည်ပတ်သူအရေအတွက် ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းရခြင်း၊ ဘတ်ဂျက်အခက်အခဲများနှင့် ယနေ့ လူ့အသိုင်းအဝိုင်းအတွက်သာမက မျိုးဆက်သစ်များအတွက်လည်း ပညာပေးနိုင်အောင် ပြုပြင်ပြောင်းလဲရခြင်း စသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

**၉။ ပြတိုက်များ၏ အနာဂတ် ဖော်ဆောင်မှု(Shaping the Future of Museums)**

ပြတိုက်များသည် ပံ့ပိုးရေးအဖွဲ့အစည်းများ၊ ပညာရေးဌာနများနှင့် ဒေသခံ အသိုင်းအဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လူထုနှင့် နီးကပ်လာနိုင်ပါသည်။

**အနာဂတ်တွင် ပြတိုက်များသည် -**

- ❖ **တက်ကြွသော သင်ကြားရေးပလက်ဖောင်းတစ်ခုအဖြစ်၊**
- ❖ **စိတ်နှင့် ကိုယ်ကျန်းမာရေး (Mental & Physical Well-being) အတွက် နားရာတစ်ခုအဖြစ်၊**
- ❖ **ခေတ်မီနည်းပညာနှင့် ပေါင်းစပ်နိုင်သော ပံ့ပိုးရေးအဖွဲ့အစည်းအဖြစ် အရေးပါသော အခန်းကဏ္ဍများတွင် ပါဝင်လာနိုင်ပါသည်။**

ထို့အပြင် Mindfulness Tours, Therapeutic Art Programs, Wellness Workshops စသော အစီအစဉ်များမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွက် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးနိုင်သည်။ မည်သူမဆို လူတန်းစားမရွေး ဝင်ရောက်ခံစားနိုင်စေရန် Access Programs များ တိုးချဲ့လုပ်ဆောင်သင့်ပါသည်။

ထို့ကြောင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်အရ ပြတိုက်များသည် မိမိလုပ်ငန်းနယ်ပယ်အား ယနေ့ခေတ်၌ ဖြစ်ပေါ်လာသည့် နည်းပညာအလျင်အမြန် ဖွံ့ဖြိုးမှုများ၊ လူ့လောကတန်ဖိုးနှင့် လိုအပ်ချက်များပြောင်းလဲမှုများအပေါ် တုံ့ပြန်နိုင်ရန် ပြန်လည်သုံးသပ်ကာ အသစ်တီထွင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမှုနှင့် ဆန်းသစ်တီထွင်မှု၊ လူမှုဆက်သွယ်ရေးဖန်တီးမှုတွင် ဆက်သွယ်သူအဖြစ် ပါဝင်နိုင်မှုနှင့် လူမှုအသိုက်အဝန်းတွင် ပိုမိုအကျိုးရှိရန်အာရုံစိုက်မှု စသောအချက်များသည် ယနေ့ခေတ် ပြတိုက်များ၏ မျှော်မှန်းချက်အသစ်များ ဖြစ်လာကြောင်းကို မြင်တွေ့နိုင်ပါသည်။

**ပြတိုက်များသို့ လာရောက်လေ့လာ**

ပြတိုက်များသည် အတိတ်မှ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြီး ယနေ့နှင့် အနာဂတ်အတွက် အသုံးဝင်သော သင်ခန်းစာများ၊ လူမှုအသိုက်အဝန်းအတွက် တန်ဖိုးရှိသော အတိတ်အမွေအနှစ်များ၊ တည်တံ့ဖွံ့ဖြိုးရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့်နည်းလမ်းများ၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေပါသည်။

ပြတိုက်များသည် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို ထိန်းသိမ်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပြီး အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လူမှုရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများနှင့် ပညာရေးအစီအစဉ်များ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူထုနှင့်ပူးပေါင်းဆောင်ရွက်နေပါသည်။

ထို့အပြင် ပြတိုက်များသည် မျိုးဆက်သစ်လူငယ်များအတွက် ယဉ်ကျေးမှုအသိပညာများ တိုးတက်စေရန် အခွင့်အလမ်းပေးခြင်းဖြင့် မိမိရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဂုဏ်ယူတန်ဖိုးထားပြီး ထိန်းသိမ်းလိုသည့် စိတ်ဓာတ်၊ အသိဉာဏ်ပညာနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုရေချိန်မြင့်မားလာစေရန် ကူညီပံ့ပိုးကာ အနာဂတ်တွင် စွမ်းဆောင်နိုင်သည့် ခေါင်းဆောင်များ ဖွံ့ဖြိုးထွန်းကားလာစေရန် လမ်းပြပေးသည့် နေရာတစ်ခုလည်း ဖြစ်ပါသည်။

ပြတိုက်များသည် လူတိုင်းပါဝင်နိုင်သည့် တည်တံ့ခိုင်မြဲသော အနာဂတ်တစ်ခုကို ဖန်တီးနိုင်စေရန် အရေးပါသော ပလက်ဖောင်းအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီး "ပြတိုက်များသည် ပြောင်းလဲနေသော ကမ္ဘာအတွင်း မျှတမှုနှင့် တန်ဖိုးထားမှုများအတွက် ပြောင်းလဲမှု အရေးပါသူများဖြစ်ကြသည်" ဆိုသည့် သဘောတရားအပေါ် အခြေခံကာ ၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဂုဏ်ပြုရေးသား၍ ပြတိုက်များသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။ ။

**ကိုးကား**


၁။ International Council of Museums (ICOM)။ (n.d.)၊ International Museum Day၊ ICOM။ Retrieved April 27, 2025, from https://icom.museum/en/news/international-museum-day/

၂။ International Council of Museums (ICOM)။ (n.d.)၊ 27th ICOM General Conference၊ ICOM။ Retrieved April 27, 2025, from https://icom.museum/en/news/27th-icom-general-conference/

၃။ သီသီသောင်း။ (၂၀၂၁ မေ၊ ၂၀၂၂ မေ၊ ၂၀၂၄ မေ)၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်းပါး၊မြန်မာ့အလင်းသတင်းစာ။

၄။ သီသီသောင်း။ (၂၀၂၁ မေ၊ ၂၀၂၂ မေ၊ ၂၀၂၄ မေ)၊ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်းပါး၊ ကြေးမုံသတင်းစာ။

# မြစ်ကြီးနားမြို့ လေယာဉ်ကွင်းသို့ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဧပြီ ၃၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေယာဉ်ကွင်းအတွင်းရှိ အရေးကြီးအဆောက်အဦများအား ထိခိုက်ပျက်စီးစေရန်နှင့် ပြည်သူများအထိတ်တလန့်ဖြစ်စေရန် အကြံအစည်များဖြင့် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသည့် အဖွဲ့များနှင့်PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့မွန်းလွဲပိုင်း ၁၂ နာရီခွဲခန့်တွင် ရှော့တိုက်ဒုံးဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ လေယာဉ်ကွင်း၏ အရှေ့မြောက်ဘက် မီတာ ၄၅၀ အကွာနေရာသို့ ရှော့တိုက်ဒုံး တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

အဆိုပါရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့် နေရာနှင့်အနီးဝန်းကျင်တစ်ဝိုက်အား ပိတ်ဆို့ စစ်ဆေးရှာဖွေမှုများဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများအားအမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည့်မေးမြန်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## မအူပင်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေး

မအူပင် ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးက သုံးသပ်ဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စံပြဆုရရှိခဲ့သည့် လက်ခုပ်ကျေးရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရာတွင် စံပြဆုရရှိခဲ့သည့် ထနီဒေါင့်ကျေးရွာတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် တက်ရောက်



လာသည့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်း

လှိုင်လင် ဧပြီ ၃၀

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်လင်ခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လှိုင်လင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင် ၃၀ တို့က ယနေ့နံနက်ပိုင်းတွင် ခရိုင်အထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင် ၁၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်မီးသတ်ဦးစီးမှူး၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကူညီပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။

လှိုင်လင်မိုး



## သထုံမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဖွင့်ပွဲကျင်းပ

သထုံ ဧပြီ ၃၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး



ဦးခွန်ထွန်းထွန်းလှက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သထုံမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စား လုပ်ငန်းရှင် ၁၅ ဦးတို့ တက်ရောက်ကြပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းအကြောင်းသိကောင်းစရာများနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ Digital Literacy and Digital Transfor mation in MSMEs များအကြောင်းနှင့် SSID မှ ရေးဆွဲထားသည့် e-Commerce Website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများ အကြောင်း သိကောင်းစရာတို့ကို ဆွေးနွေးသင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းရှူးမြို့နယ် ဝမ်မယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

မိုင်းရှူး ဧပြီ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဟိုက်ပါကျေးရွာအုပ်စု ဝမ်မယ်ကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက ဝမ်မယ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝမ်မယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၂၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်မယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား အသင်းသူ ၂၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၂၇ သိန်းကို အသင်းသား အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဧပြီ ၃၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Premier Automotive Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING BINGO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW BESTUNE NAT E05 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ G-Energy Plus Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG (AEOLUS) SKY EV01 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Atiz Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ADIXIN E-TRON နှင့် ADIXIN SKUMI အမျိုးအစား လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များရှိ ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် စားသောက်ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဧပြီ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၁ ရက်မြောက်အဖြစ် ဈေးကား ရှစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ နေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးများ၊ ပြည်သူ့လွှတ်တော်ရုံး၊ ဇေယျာသီရိခရိုင်မီးသတ်တပ်ဖွဲ့၊ ပျဉ်းမနားဘူတာ၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းအိမ်ရာတို့ရှိ ဝန်ထမ်းများအား ဆန် ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၉၉၈၆ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၀၈ အိတ်၊ ဆီပိဿာ ၃၀၇၂၀၊ ဆားပိဿာ ၁၅၀၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၃၅၉ ထုပ်၊ ငါးပိ ၂၈၅ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဝက်သားပိဿာ ၂၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပဲ့ခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန်ပိဿာ ၄၀၊ ငါးမုတ်ပိဿာ ၃၀၊ ခေါက်ဆွဲခြောက်ထုပ် များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူစသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၀၄ အိတ်၊ စားအုန်းဆီ ၄၈၁၅ ပိဿာ၊ ဆား ၆၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၂၄ ဘူး၊ ငါးပိ ပိဿာ ၂၀၊ ကြက်သွန်နီ ၅၅၈ ပိဿာ၊ အသားတု ၂၅ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၉၆ အိတ်၊ စားအုန်းဆီပိဿာ ၅၇၂၀၀၊ ဆား ၁၀၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၈ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပဲ့ခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီမျိုးဆက် (?) ဂျာနယ်

ထွက်ရှိ



၁-၅-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂)၊ အမှတ် (၉) တွင်
- သဘာဝဘေးအန္တရာယ်ကို စွမ်းသမျှအားတို့ဖြင့် ဝိုင်းဝန်းကူညီ
- မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ငလျင်ဒဏ်သင့်ဒေသများအတွက် ဆန်များကို အကျိုးအမြတ်မယူဘဲ ရောင်းချပေး
- နေပြည်တော်၏ မြို့အကွက်ချပုံစံကို ပြန်လည်တွက်ချက်ရေးဆွဲသွားမည်
- စစ်ကိုင်းဆေးရုံကြီးကို ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်
- ငလျင်ဒဏ်ကြောင့် အဆောက်အဦများ ပြင်ဆင်နိုင်ရန် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချ
- တက္ကသိုလ်ဝင်တန်း အဖြေလွှာများ မီးလောင်ဆုံးရှုံးမှုကြောင့် ပြန်လည်ဖြေဆိုရမည့် အချိန်ဇယားထုတ်ပြန်
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်သွားမည်
- ဆေးလိပ်နှင့် အီလက်ထရွန်နစ် စီးကရက်သုံးစွဲမှု ဖိလစ်ပိုင်သတိပေး စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ငလျင်ဘေးဒဏ်လျော့ပါးရေး စကားဝိုင်းကျင်းပ

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကကြီးမှူးကာ ငလျင်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများအသိပညာပြန့်ပွားရေးအတွက် ဘူမိသိပ္ပံနှင့် အင်ဂျင်နီယာလောကတွင် ထင်ရှားသည့် ပညာရှင်ဆရာကြီး ငါးဦးတို့၏ ဆွေးနွေးဟောပြောပွဲကို ဧပြီ ၂၇ ရက် မွန်းလွဲက သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ငလျင်အန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ အသိပညာပြန့်ပွားရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘူမိသိပ္ပံနှင့် အင်ဂျင်နီယာပညာရှင်များ ဖြစ်ကြသည့် ဦးဝင်းဇော် (ဥက္ကဋ္ဌ) မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ဒေါက်တာ စုံဟန် (နာယက) မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဦးစောထွေးဇော် (ဒုတိယဥက္ကဋ္ဌ) မြန်မာနိုင်ငံ မြေငလျင်ကော်မတီ၊ ဒေါက်တာ ဉာဏ်မြင့်ကျော် (ပါမောက္ခ)ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဦးသိန်းဇော် (ဥက္ကဋ္ဌ) အထပ်မြင့်နှင့် အများပိုင် အဆောက်အဦများ စိစစ်ရေးကော်မတီတို့က ငလျင်ဘေးနှင့်ပတ်သက်ပြီး သိရှိသင့်သည့် အချက်များကို ရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလင်းနှင့် ပညာရှင် ဆရာကြီး ငါးဦးတို့၏ စကားဝိုင်းဆွေးနွေးပွဲကိုပြုလုပ်ရာ တက်ရောက်လာကြသည့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပညာရှင်ဆရာကြီးများက ရှင်းလင်း ဖြေကြားကြသည်။ ထို့နောက် အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက စကားဝိုင်းဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် ဟောပြောကြသည့် ပညာရှင်ကြီးများနှင့် ပံ့ပိုးကူညီကြသူများကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။ အဆိုပါ ဟောပြောပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ကုမ္ပဏီများက ပါဝင်ခင်းကျင်းပြသကြသည်။

**မျိုးမင်းသူရ**




# အီရတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံသား မဝေဝေခိုင်သည် အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ရာ အီရတ်နိုင်ငံသို့ ၂၀၂၄ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး အလုပ်လုပ်ကိုင်ရာ အလုပ်ရှင်နှင့် အဆင်မပြေသဖြင့် နေအိမ်မှ ထွက်ပြေးစဉ် အီရတ်ရဲများ၏ ထိန်းသိမ်းခြင်းကိုခံရကာ ထိန်းသိမ်းရေးစခန်းတွင် သုံးလတာကာလ နေထိုင်ခဲ့ပြီး အမှုကိစ္စရပ်များ ပြီးဆုံးသွားသဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ အီရတ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဧပြီ ၃၀ ရက်တွင် အီရတ်နိုင်ငံမှ Bahrain-Bangkok-Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။




ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ် ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး**
**ဓာတ်ပုံ - မောင်သီ**

## နေ့အပူချိန် မြင့်မားခဲ့သော စခန်းများ၏ ၃၀-၄-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ပခုက္ကူမြို့ | ၄၀.၀ | ၁၀၄.၀ |
| ၂။ | ချောက်မြို့ | ၃၉.၂ | ၁၀၂.၆ |
| ၃။ | ကျောက်ကရိတ်မြို့ | ၃၉.၂ | ၁၀၂.၆ |
| ၄။ | ဆင်ဖြူကျွန်းမြို့ | ၃၇.၀ | ၉၈.၆ |
| ၅။ | ထားဝယ်မြို့ | ၃၆.၇ | ၉၈.၁ |
| ၆။ | ကော့သောင်းမြို့ | ၃၆.၂ | ၉၇.၂ |
| ၇။ | ညောင်လေးပင်မြို့ | ၃၆.၀ | ၉၆.၈ |
| ၈။ | မြိတ်မြို့ | ၃၆.၀ | ၉၆.၈ |
| ၉။ | ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၆.၀ | ၉၆.၈ |
| ၁၀။ | မော်လမြိုင်မြို့ | ၃၆.၀ | ၉၆.၈ |

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ရုရှားနိုင်ငံသား တစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဧပြီ ၃၀

**ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။**



ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာ ဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက် စာရင်းဇယားများ မှန်ကန်ပြည့်စုံစေရေးနှင့် ၎င်းတို့၏ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေး လွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူ အဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မင်းဘူးမြို့၌ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ကုသိုလ်ပြု လုပ်ငန်းများအဖြစ် ဘုရားရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်း များကို ယနေ့ နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဓာတ်တော်ကုန်း ရှင်ပင်ချမ်းသာကြီးစေတီတော် ဘုရားပရိဝုဏ်အတွင်း၌ စုပေါင်းခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဓာတ်တော်ကုန်း ရှင်ပင်ချမ်းသာကြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း ပေါင်းမြက်၊ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဝိုင်းဝန်း စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

# ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ဆိပ်ကမ်းများသို့ အသီးသီးဝင်ရောက်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာ့ပင်လယ်ပြင်တွင် ငါးသားပေါက်ရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ မေလတစ်ရက်နေ့မှစတင်ပြီး ပင်လယ်ပြင်ငါးဖမ်းရာသီ ပိတ်သိမ်းပြီဖြစ်၍ ယနေ့တွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ပင်လယ်ပြင်မှ ငါးဖမ်းစက်လှေနှင့်ငါးသယ်ရေယာဉ်များ အသီးသီးပြန်လည်ရောက်လာကာ ပင်လယ်ပြင် ငါး၊ ပုစွန်ဖမ်းဆီးမှု နှစ်လတာ ရပ်နားပြီဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးဆိပ်ကမ်းမှ သိရသည်။

ပင်လယ်ပြင်တွင် ရေငန်ထွက်ကုန်များကို ၁၂ ရာသီဖမ်းဆီးမှုဖြင့် ရေသယံဇာတထိခိုက်မှုကြောင့် မေ ၁ ရက်မှ ဇူလိုင်လကုန်အထိ သုံးလရပ်နားခဲ့ရာမှ ပြည်တွင်းဈေးကွက်၌ ရေငန်ထွက်ကုန် စားသုံးမှု ပြတ်လပ်မှုမရှိစေရန် မေလနှင့် ဇွန်လအား ပင်လယ်ပြင်ငါးမဖမ်းရရာသီအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

"မေ ၁ ရက်ကစ ငါးဖမ်းရာသီပိတ်ပြီဆိုတော့ ဒီနေ့ပင်လယ်ပြင်မှာရှိတဲ့ ငါးဖမ်းစက်လှေ အားလုံး ရန်ကုန်ဆိပ်ကမ်းကို ပြန်ဝင်တဲ့အတွက် ဆိပ်ကမ်းမှာစည်ကားနေတာပါ။ ဆိပ်ကမ်းပြန်မဝင်မီ ဖမ်းမိသမျှ ငါး၊ ပုစွန်မျိုးစုံကို ဆိပ်ကမ်းမှာ နှစ်ရက်တာ ရောင်းချပြီးရင် စက်လှေတွေ အားလုံးနားပါပြီ။ ဇူလိုင်လဆိုရင် ပင်လယ်ပြင်ကိုစက်လှေတွေပြန်ထွက်ပါပြီ။ ဒီနေ့ ရာသီပိတ်ချိန် ပြန်ဝင်လာချိန်မှာ ရေထွက်ပစ္စည်း အမယ် ၂၀ ကျော် တင်ဆောင်ခဲ့ပါတယ်။ ဒီနှစ်စက်လှေပိုင်ရှင်၊ စက်လှေလုပ်သား၊ ငါးဒိုင်နဲ့ လက်ကား ပြန်ရောင်းတဲ့ ဈေးသည်တွေအားလုံး အဆင်ပြေကြပါတယ်" ဟု စံပြငါးဈေးအမ်အမ်ဒီကုမ္ပဏီမှ စက်လှေလုပ်ငန်းရှင် ဦးထွန်းလှအောင်က ပြောသည်။



ရန်ကုန်မြို့ရှိ စံပြငါးဈေးဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။ ဓာတ်ပုံ - ဇွဲမာန်

ယနေ့ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများနှင့် ငါးသယ်ရေယာဉ်တို့တွင် ရေငန်ထွက်ကုန်များဖြစ်သည့် ငါးသင်ဝါ၊ ငါးခွေးလျှာ၊ ရွှေငါး၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ငါးတန်လွယ်၊ ငါးမြွေထိုး၊ ငါးစင်းလုံး၊ ငါးစင်းပြား၊ သင်ဖြူ၊ သင်ဝါ၊ ငါးခေါင်းပွ၊ ငါးရောင်၊ တိုက်ဂါး ပုစွန်အပါအဝင် ရေထွက်ကုန်အမယ် ၂၀ ကျော်ကို ငါးစည်ပိုင်းများတွင် ထည့်၍ တင်ဆောင်လာခဲ့ပြီး လက်ကားဒိုင်များမှ ပြန်လည်ဝယ်ယူ၍ အအေးခန်းစက်ရုံများသို့ ပို့ဆောင်ပြီး နှစ်လတာအတွင်း ရေငန်ထွက်ကုန်များ ပြတ်လပ်မှုမရှိစေရန် ပြန်လည်ရောင်းချလေ့ရှိသည်။

